မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၂၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✳ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✳ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

နေပြည်တော် ဇန်နဝါရီ ၂၇

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် ၅/၂၀၁၂ ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါအမိန့် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၅/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့အရ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးမြတ်ကိုအား တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

ညှိမထစပါး တင်းတစ်ရာလျှင် ငွေကျပ် ၃၃၀၀၀၀ နှုန်းဖြင့် တောင်သူလယ်သမားများထံမှ တိုက်ရိုက်ဝယ်ယူနေ

တောင်သူလယ်သမားများ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းစေမည့် အခြားနည်းလမ်းများဖြင့်လည်း ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၇

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၇၇)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ မေးခွန်း(၇)ခု မေးမြန်းဖြေကြားခြင်း၊ အဆိုအသစ် (၂)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း (၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌ လွှတ်တော်ကိုယ်စားလှယ် (၂)ဦး၏ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ မေးခွန်း(၂)ခုနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြန်လည်ဖြေကြားသည်။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း၏ **တောင်သူလယ်သမားများ မနစ်နာစေရန်အတွက် စပါးနှင့် အခြားကောက်ပဲသီးနှံများ၏ အနိမ့်ဆုံးဈေးနှုန်းကို ယခုလို စပါးပေါ်ချိန်၊ ပဲပေါ်ချိန်အမီ အနိမ့်ဆုံးဈေးနှုန်း သတ်မှတ်ထားခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက်က အရန်ဆန်ဝယ်ယူရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးဆောင်သော အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီကို စုစုပေါင်း (၁၀)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီက ဝယ်ယူမည့် စပါးဈေးနှုန်းကို ဒေသအလိုက်၊ ကာလအလိုက်သတ်မှတ်ပြီး ဝယ်ယူသွားမည် ဖြစ်ပါကြောင်း၊ ယင်းကြီးကြပ်မှုကော်မတီအနေဖြင့် ဝယ်ယူရေး၊ သယ်ယူရေး၊ သိုလှောင်ရေး၊ ကြိတ်ခွဲရေး၊ ဘဏ္ဍာရေးကိစ္စများနှင့် လိုအပ်သည့် စစ်ဆေးမှုကိစ္စများကို စနစ်တကျ စိစစ်ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းတိုင်ပင်၍ စီမံချက်များရေးဆွဲပြီး (၄၆)ပေါင်ကိုက် ညှိမထစပါး တင်းတစ်ရာလျှင် ငွေကျပ်(၃၃၀၀၀၀)နှုန်းဖြင့် တောင်သူလယ်သမားများထံမှ တိုက်ရိုက်ဝယ်ယူနေပြီ ဖြစ်ပါကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ ✳

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ သတင်း အညွှန်း

ကျောင်းကုန်းမြို့နယ်၌ ရေခလုပ်(ချောင်းဝ) တံတားသစ် ဖွင့်ပွဲကျင်းပ — စာ-၂

တောင်သူလယ်သမားများ မြေနှင့် ရေကို အပြည့်အဝအကျိုးရှိအောင် အသုံးချ မျိုးကောင်းမျိုးသန့်များ အသုံးပြု၍ ခေတ်မီနည်းကျ စိုက်ပျိုးရေးဆောင်ရွက် — စာ-၄

ရှည်လျားပြီး ခံ့ညားထည်ဝါလှပသည့် ရောဝတီတံတား(ပခုက္ကူ) — စာ-၅



မြစ်ကြီးနားမြို့တွင်းလမ်းများ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ကချင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၇

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ငွေကျပ်သိန်း ၁၅၀၀ အကုန်အကျခံ၍ အရှည် ၁ မိုင် ၇ ဖာလုံ၊ အကျယ် ၁၈ ပေရှိ မြစ်ကြီးနား-မန်ခိန်လမ်းနှင့် ယခင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းဟောင်း ကတ္တရာထပ်ပိုးလွှာခင်းနေမှုနှင့် ဆောင်ရွက်ပြီးစီးမှု၊ သီတာရပ်ကွက်၌ ဆွမ်ပရာဘွမ်လမ်း လမ်းလယ်ကျွန်းများကြားရှိ လမ်းများပျက်စီးမှုကို ကတ္တရာထပ်ပိုးလွှာ ပြန်လည်ခင်းနေမှု၊ မြို့သစ်ရပ်ကွက်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၁၉ သိန်း အကုန်အကျခံ၍ အရှည် ၁၀၆၆ ပေ၊ အကျယ် ၁၆ ပေရှိ စည်ပင်သာယာလမ်းနှင့် ဈေးကြီးလမ်းဆက်စပ်နေသည့် ဧရာလမ်း ကတ္တရာထပ်ပိုးလွှာခင်းနေမှု၊ လမ်းကူးကွန်ကရစ်တံတားအသစ် ဆောက်လုပ်နေမှုနှင့် ငွေကျပ် ၂၀၂ သိန်း အကုန်အကျခံ၍ အရှည် ၁၉၁၅ ပေ၊ အကျယ် ၁၈ ပေရှိ ဇော်ဂျွန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့တွင်းလမ်းများကောင်းမွန်ရေးနှင့် လမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာလှပရေးတို့ကို တာဝန်ရှိသူတို့အား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရှမ်းစုမြောက်ရပ်ကွက် ဝိုင်းမော်ကူးတို့ဆိပ်နှင့် ကမ်းနားလမ်းတစ်လျှောက် ဧရာဝတီမြစ်ရေ တိုက်စားမှုမှကာကွယ်ရန် မြေထိန်းနံရံတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်)

ကောင်းမွန်စွာ ရှင်သန်နေထိုင်ခြင်း

မနုဿတ္တဘာဝေါ ဒုလ္လဘော လူ့ဘဝသည်ကား ရခဲ၏။ မြဟ္မပြည်က ကျလာသောအပ်တစ်စင်းနှင့် လူ့ပြည်က ထောင်ထားသောအပ်တစ်စင်းတို့ တိုက်မည်ဆိုက တိုက်တန်ကောင်း၏။ သို့သော် လူ့ဘဝသည်ကား ရခဲလှပေစွ။

လူ့သက်တမ်းသည်ကား တိုတောင်းလှ၏။ နေရသည့်အချိန်ကာလအတွင်း အကျိုးရှိစွာနေထိုင်သင့်၏။ အသက်ရှင်စွာနေထိုင်စဉ် မိမိအကျိုးအတွက်သော်လည်းကောင်း၊ အများအကျိုးအတွက်သော်လည်းကောင်း ကောင်းသော အလုပ်ဟူသမျှ လုပ်ကိုင်ဆောင်ရွက်နေသင့်၏။ ဤသည်ကို ကောင်းမွန်စွာ ရှင်သန်နေထိုင်ခြင်းဟုခေါ်၏။

လူတစ်ဦးသည် အသက်ရှင်သန်စွာ နေထိုင်ရသော်ငြားလည်း ကိုယ့်အတွက်လည်း အလုပ်မလုပ်၊ အများအတွက်လည်း ကောင်းရာကောင်းကြောင်း သယ်ပိုးဆောင်ရွက်ပေးနိုင်ခြင်းမရှိလျှင် အသက်ရှင်လျက်သေသူနှင့်တူ၏။ အတ္တနှင့်ပရ နှစ်ဖြာသောအကျိုး သယ်ပိုးခြင်းမရှိသူသည် အဘယ်မှာရှင်သန်ခြင်းဟုဆိုနိုင်ပါအံ့။

ထို့ကြောင့် လူသားတို့အနေဖြင့် အသက်ရှင်စွာနေထိုင်စဉ်ကာလအတွင်း အကျိုးရှိစွာနေထိုင်သင့်ကြောင်း အမေရိကန် ကမ္ဘာကျော်စာရေးဆရာကြီးလည်းဖြစ်၊ စာအုပ်ထုတ်ဝေသူလည်းဖြစ်သည့် မော်ကော်ဖောဘားစ် (Malcolm Forbers)က ဤသို့ဆို၏။

ဘဝဆိုတာ အလွန်တိုတောင်းတဲ့ခရီးတစ်ခုဖြစ်ပါတယ်၊ အသက်ရှင်နေတုန်းမှာ ကောင်းမွန်စွာ ရှင်သန်ခြင်းဖြင့် နေထိုင်ပါ။ **(Life is a very short trip, While a live, good living.)**

ထိုသို့ဆိုလျှင် လူငယ်၊ လူလတ်၊ လူကြီးမရွေး အသက်ရှင်နေထိုင်စဉ် ကောင်းမွန်စွာရှင်သန်နေထိုင်ခြင်းနှင့်အတူ ဘဝခရီးတစ်လျှောက်လုံး ရွှက်လွှင့်ကြရပေဦးမည်။ လူငယ်လူရွယ်တိုင်းသည် ပညာသင်ကြားခြင်းဖြင့် ဘဝတိုးတက်ရေးကို ဦးတည်သည့် ရှင်သန်ခြင်းခရီးကို ဆက်ကြရပေဦးမည်။ ထိုခရီးတွင် တိုးတက်နေသည့် ခေတ်ကြီးနှင့်လျော်ညီစွာ အတတ်ပညာအမျိုးမျိုး သင်ယူလေ့လာခြင်းနှင့်အတူ မိမိနှင့် အများအကျိုးကို သယ်ပိုးသင့်၏။

အလားတူ လူလတ်ပိုင်းတို့၏ ကောင်းမွန်စွာ ရှင်သန်နေထိုင်ခြင်းမှာ ပို၍ ကျယ်ပြောပေလိမ့်မည်။ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေး၊ ဘာသာ သာသနာအရေး စသည်ဖြင့် သယ်ပိုးရွက်ဆောင်ဖွယ်ရာများ ကုန်ခန်းနိုင်ဖွယ်မရှိ။ လုပ်နိုင်လျှင် လုပ်နိုင်သလောက် အကျိုးများ၏။ ယနေ့ အများအကျိုးသယ်ပိုးနေကြသူများသည် တိုတောင်းလှသည့်ဘဝတစ်ခုအတွင်း ရှင်သန်ခြင်းတည်းဟူသော သမိုင်းမှတ်တိုင်များကို စိုက်ထူနေကြခြင်းပင်ဖြစ်၏။

တစ်ဖန် အသက်အရွယ်ကြီးသူများပင်ဖြစ်လင့်ကစား ရှင်သန်ခြင်းစည်းဝိုင်းအပြင်ဘက် ထွက်ထိုင်နေ၍မရနိုင်။ စီးပွားရေးစားပွဲဝိုင်းအပြင်ဘက် ထွက်ထိုင်၍ရတန်ကောင်း၏။ သို့ရာတွင် ဘာသာရေး၊ သာသနာရေး၊ လူမှုရေးဆိုသည့် စားပွဲဝိုင်းများတွင် ပါဝင်နီးနှောခြင်းဖြင့် အသက်ရှင်သမျှကာလပတ်လုံး အကျိုးရှိရှိ ခရီးဆက်ကြရပေဦးမည်။

သို့ပါ၍ လူတိုင်း လူတိုင်းသည် ရခဲလှစွာသော ဤလူ့ဘဝကြီးတွင် မိမိအကျိုးနှင့် အများအကျိုးကို မွေးဖွားသည်မှ ခရီးဆုံးသည့်တိုင် သယ်ပိုးရွက်ဆောင်ကြခြင်းဖြင့် ကျန်ရှိသောဘဝတွင် အမြဲတမ်းကောင်းမွန်စွာ ရှင်သန်နေထိုင်သွားကြရမည်သာ ဖြစ်ပါသည်။ ။

ကျောင်းကုန်းမြို့နယ်၌ ရေခလုပ် (ချောင်းဝ) တံတားသစ်ဖွင့်ပွဲကျင်းပ

ကျောင်းကုန်း ဇန်နဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်မှ အိမ်မဲမြို့နယ်သို့ ရေလမ်းမှသွားသည့် မင်းမနိုင်ချောင်းပေါ်တွင် ငွေကျပ်သိန်း ၁၀၀၀ကျော် အကုန်အကျခံဆောက်လုပ်ပြီးစီးသည့် ရေခလုပ် (ချောင်းဝ) တံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက အဆိုပါ တံတားသစ်တွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ ဂျပန်အစိုးရ သံရုံးမှ သံမှူးကြီး မစ္စတာ Ichiro Maruyama တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက တံတားသစ်၏ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

အဆိုပါ ရေခလုပ် (ချောင်းဝ)တံတားသစ်မှာ ဂျပန်နိုင်ငံအစိုးရ (GGA) အစီအစဉ်မှ မတည်လှူဒါန်းငွေ မြန်မာငွေကျပ်သိန်း ၈၅၀ နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၈၇၈၅၀၊ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက လှူဒါန်းငွေကျပ်သိန်း ၁၀၀ နှင့် ဒေသခံပြည်သူများက ငွေကျပ် ၃၈၂ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၁၃၃၂ တို့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါတံတားသည် အလျား ပေ ၁၆၀၊ အနံ ၁၀ ပေ၊ အမြင့်၂၃ ပေ၊ တံတားခံနိုင်ဝန် ၇ တန်ရှိပြီး သံကူကွန်ကရစ်ဘိုးပိုင်တိုင်သံပေါင်ကြီးများဖြင့် တည်ဆောက်ထားသည်။

ယခုအခါ ကျောင်းကုန်းမြို့နယ်၊ အိမ်မဲမြို့နယ်၊ ပုသိမ်မြို့နယ်နှင့် ရန်ကုန်မြို့တို့သို့ လွယ်လင့်တကူ ဖြတ်သန်းသွားလာနိုင်သည့်အပြင် ကျောင်းကုန်းမြို့နယ်၏ အရှေ့ဘက်ခြမ်း၊ အနောက်ဘက်ခြမ်း၊ ကျေးရွာအုပ်စု ၂၈ အုပ်စု၊ ကျေးရွာခွဲ ၁၅၀ ကျော်တို့မှ လွယ်လင့်တကူ သွားရောက်နိုင်ပြီဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဒေသခံပြည်သူများ ဝမ်းသာမဆုံး ဖြစ်နေကြကြောင်း သိရှိရသည်။ **(၀၉၁)**

ကဏန်းနှင့် ငါးရှဉ့် ပြည်ပတင်ပို့မှုသတ်မှတ် လျာထားချက်ထက်ကျော်လွန်

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ပသို့ ကဏန်းနှင့်ငါးရှဉ့်တင်ပို့မှုမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် သတ်မှတ်လျာထားချက်ထက် ပြည့်မီကျော်လွန်သွားပြီဖြစ်ကြောင်း သိရှိရသည်။ ဇန်နဝါရီ ၂၂ ရက်အထိ ရရှိသော စာရင်းများအရ ကဏန်းကို အမေရိကန်ဒေါ်လာ ၃၅ သန်းဖိုးလျာထားရာ ၃၆ ဒသမ ၁၁၂ သန်းဖိုးတင်ပို့နိုင်ခဲ့ပြီး သတ်မှတ်လျာထားချက်၏ ၁၀၃ ဒသမ ၁၈ ရာခိုင်နှုန်း၊ ငါးရှဉ့်ကို အမေရိကန်ဒေါ်လာ ၂၅ သန်းဖိုး လျာထားရာ ၃၀ ဒသမ ၇၂၈ သန်းဖိုး တင်ပို့နိုင်ခဲ့ ပြီး သတ်မှတ်လျာထားချက်၏ ၁၂၂ ဒသမ ၉၁ ရာခိုင်နှုန်း ရှိခဲ့သည်။

ရေချိုငါးမှာ သတ်မှတ်လျာထားချက် ပြည့်မီရန် သတ်မှတ်လျာထားချက်၏ ၂၆ ဒသမ ၆၇ ရာခိုင်နှုန်း(အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၀၀၉ သန်း) ထပ်မံရှာဖွေရန် လိုအပ်လျက်ရှိကြောင်း သိရှိရသည်။ **(မောင်လှိုင်)**

ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေးမီးသုံးစွဲမှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၇

ဈေးကြီးများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေးကြီးအတွင်း၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းထွန်းအေး၊ မြို့နယ်လျှပ်စစ်ရုံးအင်ဂျင်နီယာ ဦးကျော်စွာ၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးရုံး လက်ထောက်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင်တို့သည် ဇန်နဝါရီ ၂၀ ရက်က ဈေးတာဝန်ခံဦးမိုးကျော်အောင်၊ ဈေးသာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိန်အေးသောင်းတို့နှင့်အတူ ဈေးအတွင်းသုံးစွဲနေသည့် လျှပ်စစ်မီးကြိုးများ၊ မိန်းခလုတ်များ တပ်ဆင်ထားမှု၊ အချိန်နှင့်စနစ်တကျမီးသုံးစွဲမှု၊ ဈေးအတွင်း မီးသတ်ကားများ အလွယ်တကူဝင်ထွက်နိုင်မှုတို့ကို စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(၀၄၂)**

အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဖွင့်ပွဲ ကလေးမြို့နယ်၌ ကျင်းပ

ကလေး ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နတ်ကြီးကုန်း(ပျဉ်း) ကျေးရွာအုပ်စု မင်းလှကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်ရှိ မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကျင့်လျှန်းနန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က အမှာစကားပြောကြားသည်။ ထို့နောက် လက်ထောက်မြို့နယ်ပညာရေးမှူးက အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက် နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၂၁ ရက် မွန်းတည့် ၁၂ နာရီက အသင်းစုချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးချိုထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ အမြတ်ခွဲဝေစာရင်းတို့ကို အတည်ပြုခြင်းဆောင်ရွက်ပြီး ဆုံးဖြတ်ချက် (၁၀)ချက်ကို ချမှတ်အတည်ပြုခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ဆုချီးမြှင့်

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၁၃ ရက်က အဆိုပါ ကျောင်းခန်းမတွင် ကျင်းပရာ၂၀၁၀-၂၀၁၁ပညာသင်နှစ် အတန်းလိုက်ထူးချွန်ဆုရ ကျောင်းသူတစ်ဦးအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့

နေပြည်တော် ဇန်နဝါရီ ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံသို့ ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယမန်နေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် မြန်မာသံအမတ်ကြီး ဦးဇင်ယော်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းအား ဝန်ကြီးချုပ်ရုံး၌ သွားရောက်တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး ဒေသတွင်းနှင့် နိုင်ငံတကာရေးရာများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အိန္ဒိယပြည်ပရေးရာဝန်ကြီး Mr. S.M.Krishna နှင့်အတူ မွန်းလွဲ ၁ နာရီတွင် နယူးဒေလီမြို့ Hyderabad House ၌ ကျင်းပသည့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ၌ ဝန်ကြီးနှစ်ဦးသည် နှစ်နိုင်ငံအကြား ရှိရင်းစွဲအိမ်နီးချင်းကောင်းဆက်ဆံရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံ၌ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ စွမ်းအင်ကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေး၊ ငွေကြေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးစသည့်ကိစ္စများနှင့် စပ်လျဉ်း၍လည်း အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

ဇန်နဝါရီ ၂၅ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နယူးဒေလီမြို့ရှိ Indian Council of World Affairs (ICWA) ၌ "Myanmar : A Country in Transition to Democracy" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ပြည်တွင်းဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ဟောပြောပို့ချခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ သုတေသီများ၊ ပညာရှင်များ၊ နယူးဒေလီမြို့ရှိ သံတမန်အဖွဲ့ဝင်များနှင့်သတင်းဌာနများမှ သတင်းသမားများ တက်ရောက်ခဲ့ကြသည်။

ဇန်နဝါရီ ၂၅ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နယူးဒေလီမြို့ မြန်မာသံရုံးသို့ သွားရောက်ပြီး မြန်မာသံအမတ်ကြီး နေအိမ်၌ သံရုံးဝန်ထမ်းများနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံ

အိန္ဒိယ ပြည်ပရေးရာဝန်ကြီး Mr. S.M.Krishna နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

Water Resources Management Using Geographic Information System & Remote Sensing သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့်ဖွင့်လှစ်သည့် Water Resources Management Using Geographic Information System & Remote Sensing သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး ရဲရွာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးက သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးထံ ပေးအပ်သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနအောက်ရှိဌာနခွဲ/တည်ဆောက်ရေးများမှ သင်တန်းသား သင်တန်းသူများ၊ Myanmar Credent Technology Co., Ltd. General Manager နှင့် သင်တန်းနည်းပြများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

Water Resources Management Using Geographic Information System & Remote Sensing သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၄ ရက်က မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်အသင်း ဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်း၊ Myanmar Economic Perspetive Forum သို့ တက်ရောက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အသင်းဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်အေးနှင့်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (မြန်မာ့အလင်း)

ထွန်းဖောင်ဒေးရှင်းစာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၂၇

ထွန်းဖောင်ဒေးရှင်းက ၂၀၁၁ခုနှစ်အတွက် ဆုများချီးမြှင့်ရန် ရွေးချယ်ထားသည့် စာအုပ်/စာမူစာရင်းကို ဇန်နဝါရီ ၂၅ ရက်က ထုတ်ပြန်ကြေညာသည်။

၂၀၁၁ခုနှစ်အတွက် ချီးမြှင့်မည့် ထွန်းဖောင်ဒေးရှင်းစာပေဆုများမှာ တစ်သက်တာစာပေဆု၊ မြန်မာစာအုပ်ဆု ၁၀ ဆုနှင့် မြန်မာစာမူဆု သုံးဆု၊ အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ဆု နှစ်ဆုနှင့် စာမူဆု တစ်ဆု စုစုပေါင်း ၁၇ ဆု ဖြစ်သည်။

၂၀၁၁ခုနှစ် ထွန်းဖောင်ဒေးရှင်း တစ်သက်တာ စာပေဆုရှင်အဖြစ် စာရေးဆရာကြီး အငြိမ်းစားသံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးသက်ထွန်းအား ဂုဏ်ပြုရွေးချယ်ချီးမြှင့်သည်။

မြန်မာစာအုပ်ဆုတွင် စီးပွားရေးဘာသာရပ်၌ ဦးသိန်းခိုင် (ဘဏ်)၏ မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ကျန်းမာရေးဘာသာရပ်၌ ပါမောက္ခနေဝင်း (ဆေးပညာ)၏ သွေးချိုရောဂါအကြောင်း သိသင့်သမျှ၊ သမိုင်းဘာသာရပ်၌ မောင်ခင်မင် (ဓနုဖြူ)၏ ကိုလိုနီခေတ် မြန်မာစာပေသမိုင်း၊ အတ္ထုပ္ပတ္တိဘာသာရပ်၌ သမိုင်းဆိုင်ရာ အတ္ထုပ္ပတ္တိအဖြစ် ဒေါက်တာတိုးလှ၏ ဘုရင့်နောင်မင်းတရားကြီးဘဝအတွေးအခေါ်ယုံကြည်ချက်နှင့်ဆောင်ရွက်ချက်များနှင့် ခေတ်ပြိုင်အတ္ထုပ္ပတ္တိအဖြစ် သခင်လှကွန်း၏ လျှို့ဝှက်စစ်ရေးတာဝန်ခရီးမှ ပုံရိပ်များ၊ ယဉ်ကျေးမှုဘာသာရပ်၌ ချစ်စံဝင်း၏ ဓမ္မစေတီခေါင်းလောင်းကြီး၏ လျှို့ဝှက်ချက်များ၊ ရှေးဟောင်းကျမ်း ဘာသာရပ်၌ ထွန်းရီ (ရှေးဟောင်းသုတေသီ)၏ လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံ၊ ရည်ညွှန်းကျမ်း ဘာသာရပ်၌ ဘာသာစကားဆိုင်ရာ အဘိဓာန်အဖြစ် စံလွင်၏ ပြည့်စုံ မြန်မာ-အင်္ဂလိပ် အဘိဓာန်နှင့် သမိုင်းဆိုင်ရာ အဘိဓာန်အဖြစ် မြဟန်၏ကိုလိုနီခေတ် မြန်မာ့သမိုင်းအဘိဓာန်၊ စာပဒေသာဘာသာရပ်၌ ကိုဖိုးအေး (မြန်မာ့အသံ)၏ အသံလွှင့်အနုပညာတို့က ရရှိကြသည်။ အင်္ဂလိပ်ဘာသာ စာအုပ်ဆုတွင် သမိုင်းဘာသာရပ်၌ ဦးသော်ကောင်းရေးသားသည့် Aspects of Myanmar History and Culture နှင့် ရှေးဟောင်းကျမ်း ဘာသာရပ်၌ Tun Aung Chain ရေးသားသည့် A Chronicle of the Mons တို့ကရရှိသည်။

မြန်မာစာမူဆုတွင် သမိုင်းဘာသာရပ်၌ တိမ်ဦး၏ ရွှေရတု ဘဘစစ်ဆင်ရေး၊ ကလေးစာပေ၌ ရွှေမြိုင်ပြုံးလဲ့မော်၏ ထနောင်းရိပ်က ချိုးကူသံကလေးကဗျာများ၊ ရှေးဟောင်းကျမ်းဘာသာရပ်၌ ကျော်ဆွေဦး၏ လက်ဝဲနော်ရထာ၏ ဆင်ဖြူရှင်မင်းတရားကြီး အရေးတော်ပုံနှင့်အင်္ဂလိပ်စာမူဆုတွင် ရှေးဟောင်းကျမ်း၌ ဒေါက်တာမျိုးမြင့်ရေးသားသည့် War and Tactics in Traditional Myanmarတို့ကရရှိကြသည်။

တစ်သက်တာစာပေဆုနှင့် စာအုပ်ဆုများအတွက် ထွန်းဖောင်ဒေးရှင်း၏ ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေကို ပူးတွဲချီးမြှင့်ပြီး စာမူဆုများအတွက် ငွေသားဆုကိုသာ ချီးမြှင့်မည်ဖြစ်သည်။ ထွန်းဖောင်ဒေးရှင်း စာပေဆုချီးမြှင့်သည့် အခမ်းအနားကို မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ဖေဖော်ဝါရီ ၄ရက်တွင် ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ်(၅၃/၆၁) သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ ဖုန်း-၀၁-၂၉၆၃၂၅ နှင့် ၀၉-၇၃၁၀၄၄၈၇ တို့သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်း ပေးပို့ကြရန် ဖြစ်သည်။

၂၀၁၁ခုနှစ်တွင် ထုတ်ဝေသည့် စာအုပ်များနှင့် မိမိကိုယ်တိုင် ရေးသားပြုစုထားသောစာမူများကို တင်သွင်းယှဉ်ပြိုင်လိုသော စာပေပညာရှင်များသည် ယနေ့မှစတင်၍ စက်တင်ဘာ ၃၀ ရက်အတွင်း အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၂၇

ယနေ့ နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့ တွင် ၀ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နယ်နှင့် ဟဲဟိုးမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပြည်ထောင်စုကျောင်း (ဂ) ပိုင် မရမ်းကုန်း ရန်ကုန်မြို့ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ယခင်ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၆ လမ်း အမှတ်(၂၄ ဒီ) ဆရာကြီး ဦးတိုးအောင်၏နေအိမ်၌ ကျင်းပမည်ဖြစ်သည်။ ဆရာဟောင်းများ/ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဗိုလ်မှူးကြီးဗဟိန်း (ငြိမ်း) ဖုန်း-၆၆၀၇၃၁၊ ဗိုလ်မှူးမောင်သိန်း (ငြိမ်း) ဖုန်း-၅၇၂၀၁၅၊ ဦးဘညွန့်ဦး ဖုန်း-၆၈၄၇၆၁၊ ဦးထွန်းမြင့် ဖုန်း-၀၅၆-၂၁၄၇၃၊ ဦးအေးဖေ ဖုန်း-၀၉-၄၉၃၂၄၃၅၃၊ Dr. အေးဖေ ဖုန်း-၆၆၂၉၆၇၊ ဦးဝင်းကြည် ဖုန်း-၅၇၃၁၉၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရွှေပြည်သာမြို့နယ် အမက(၁၈)၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၁ရက်က အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအဆင့် ဘာသာစုံ ထူးချွန်ပထမဆုရရှိသော တတိယတန်း(က)မှ မောင်ဇေယျာလင်းအား မြို့နယ်ပညာရေးမှူး ဦးလှရီ ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၆၆)

မြန်ပြည်တစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

28-1 (03).pmd 1 1/28/2012, 3:01 AM

တောင်သူလယ်သမားများ မြေနှင့်ရေကို အပြည့်အဝအကျိုးရှိအောင် အသုံးချ မျိုးကောင်းမျိုးသန့်များအသုံးပြု၍ ခေတ်မီနည်းကျစိုက်ပျိုးရေးဆောင်ရွက် နည်းပညာမြင့်မားရေး၊ ဈေးကွက်ပုံမှန်တင်ပို့နိုင်ရေး အခြေခံဖော်ဆောင်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရောဟသ်ာဆန်စပါး အထူးပြုကုမ္ပဏီလီမိတက်မှ ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါး တင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်းနှုန်းဖြင့် ကြိုတင်ငွေကျပ် နှစ်သိန်းအား အလျှင်လိုကျေးရွာ တောင်သူများထံ ပေးအပ်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၇

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာအနီးရှိ တောင်သူပညာပေး ၃၆၈ ဒသမ ၈၀ ဧကစိုက်ခင်း၌ ကျင်းပသည့် ရောဟသ်ာဆန်စပါးအထူးပြုကုမ္ပဏီလီမိတက်မှ ပုလဲသွယ် အထူးအထွက်တိုး စပ်မျိုးစပါးတင်း ၁၀၀ လျှင် ငွေကျပ် လေးသိန်းနှုန်းဖြင့် ကြိုတင်ငွေကျပ် နှစ်သိန်းအား အလျှင်လိုကျေးရွာ တောင်သူများထံပေးအပ်ပွဲသို့ တက်ရောက်အားပေးကြသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးရဲမင်းအောင်၊ ရောဟသ်ာဆန်စပါး အထူးပြုကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာနှင့် အလျှင်လိုကျေးရွာ တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရောဟသ်ာဆန်စပါး အထူးပြု ကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးဇော်ဝင်းရှိန်က စပါးတင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်းနှုန်းဖြင့် ဝယ်ယူမည့်အခြေအနေနှင့် တစ်ဧကလျှင် ကြိုတင်ငွေကျပ် နှစ်သိန်းနှုန်းပေးအပ်ရသည့်အခြေအနေတို့ကို လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးရဲမင်းအောင်က ပုလဲသွယ်စပ်မျိုးစပါးမှထွက်ရှိသည့် ဆန်၏ဈေးကွက်ဝင်ရောက်မှုအခြေအနေနှင့် ခေတ်မီအဆင့်မြင့် ဆန်စက်အား ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ဆောက်ရခြင်းရည်ရွယ်ချက်တို့ကို လည်းကောင်း၊ စက်မှုလယ်ယာမြေများဖော်ထုတ်ဆောင်ရွက်ပေးနေသည့် လုပ်ငန်းရှင် ဦးကြည်စိန်က လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်သင့်သည်များကိုလည်းကောင်း၊ အလျှင်လိုကျေးရွာမှ တောင်သူများဖြစ်ကြသည့် ဒေါ်ထွေး၊ ဦးကျော်မြင့်နှင့် ဦးမောင်ခိုင်တို့က ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါး ဧက ၁၀၀ အထက် ပါဝင်စိုက်ပျိုးမည့် အစီအစဉ်များကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက စပ်မျိုးစပါး၏ အားသာချက်များနှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်၏ အကျိုးကျေးဇူးများအားလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ ထိုက်သင့်သည့် အကျိုးအမြတ်ရရှိရေးတို့အတွက် နိုင်ငံတော်အနေဖြင့် မပြတ်ပံ့ပိုးပေးလျက်ရှိကြောင်း၊ နယ်မြေဒေသအလိုက် စိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများ ထိုက်သင့်သည့် အကျိုးအမြတ်ရရှိစေမည့်ဈေးနှုန်းနှင့် စပါးဝယ်ယူသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်သမားများ ဆန်စပါးသီးနှံမှ အကျိုးအမြတ်ဝင်ငွေနည်းပါးခြင်းကြောင့် စပါးစိုက်ပျိုးလိုမှု လျော့နည်းကျဆင်းနေရသည့် "Paddy for Poverty" ဖြစ်နေရခြင်းမှ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်းမှ ကြီးပွားချမ်းသာမှု အကျိုးဖြစ်ထွန်းရရှိစေနိုင်ခြင်း "Paddy for Prosperity" အခြေအနေသို့ ပြောင်းလဲရရှိအောင် အဘက်ဘက်မှ တောင်သူလယ်သမားများကို ဝိုင်းဝန်းကူညီရိုင်းပင်းကြရန် အထူးလိုအပ်လျက်ရှိကြောင်း၊ ငွေကြေးအရင်းအနှီး၊ နည်းပညာပိုင်း၊ လယ်ယာသုံး စက်ကိရိယာအပါအဝင် သွင်းအားစုအထောက်အကူ လိုအပ်ချက်များအပေါ် ရောဟသ်ာဆန်စပါးအထူးပြုကုမ္ပဏီကဲ့သို့ တောင်သူလယ်သမားများ၏ လက်ငင်းလိုအပ်ချက်များကို ပုဂ္ဂလိကအခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဤအလျှင်လိုကျေးရွာ တောင်သူပညာပေး ဧက ၃၆၈ ဒသမ ၈ ဧကတွင် တောင်သူလယ်သမားများအပိုင်းကလည်း ကိုယ်တိုင်ကြီးပွားတိုးတက်လိုကြသည့် ဆန္ဒအပြည့်အဝဖြင့် စိတ်တူကိုယ်တူဆန္ဒတူဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းပါဝင် ကြိုးစားအားထုတ်မှုများကြောင့် ဤနေ့အခမ်းအနားကို ကျင်းပပြုလုပ်နိုင်ခြင်းဖြစ်ကြောင်း၊ အလျှင်လိုကျေးရွာလေးသည် လင်းရောင်ခြည်ပေးသည့် ရှေ့ဆောင်လမ်းပြစံပြကျေးရွာဖြစ်ကြောင်း၊ တောင်သူလယ်သမားများ ပုလဲသွယ် စပ်မျိုးစပါးစိုက်ပျိုးခြင်းမှ ထိုက်တန်သည့် အကျိုးကျေးဇူးခံစားရရှိမှု ရလဒ်များသည် နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများထံသို့ ဤမွှေးပျံ့သော ပန်းသတင်းအား လေညင်းမှ သယ်ဆောင်ပျံ့နှံ့ရောက်ရှိစေပြီး တစ်နိုင်ငံလုံး အကြားအလပ်မကျန် တောင်သူလယ်သမားများ လျှင်မြန်သော အရှိန်အဟုန်ဖြင့် တိုးတက်ကြီးပွား ချမ်းသာကြပါစေကြောင်းဖြင့် ပြောကြားသည်။

ကျင့်သုံးဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယနေ့ကမ္ဘာတွင် စားနပ်ရိက္ခာနှင့် လောင်စာစွမ်းအင်တို့မှာ တဖြည်းဖြည်းရှားပါးလာလျက်ရှိရာ စားနပ်ရိက္ခာပြည့်စုံလုံလောက်ရေးအတွက် ဦးစားပေး ဆောင်ရွက်နေကြရကြောင်း၊ ကမ္ဘာ့လူဦးရေ သန်းခုနစ်ထောင်ရှိသည့် အနက် တစ်ဝက်ခန့်မှာ ဆန်ကိုအဓိကထားစားသုံးကြကြောင်း၊ နှစ်စဉ် ကမ္ဘာ့ဆန်ရောင်းဝယ်မှုပမာဏသည် ဆန်တန်ချိန် ၃၄ သန်းကျော် ရှိသဖြင့် မိမိတို့ကျေးလက်ဒေသနေ တောင်သူလယ်သမားများအနေဖြင့် ဆန်စပါးကို တိုးတက်ထုတ်လုပ်ရန်၊ ဈေးကွက်တင်ပို့ရန် လက်လှမ်းမီသောအခွင့်အရေး ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ အနေဖြင့် မြေနှင့်ရေကို အပြည့်အဝ အကျိုးရှိအောင်အသုံးချ၍ မျိုးကောင်းမျိုးသန့်များကို အသုံးပြုကာ ခေတ်မီ သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲ ကျင့်သုံးဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ကြရာတွင် တောင်သူလယ်သမားများ၏ အသိပညာ ဗဟုသုတတိုးတက်မြင့်မားရေး၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနည်း၊ ပျိုးထောင်နည်း၊ ရေသွင်းစိုက်ပျိုးရေးစနစ်၊ ခေတ်မီ စက်ကိရိယာများအသုံးပြု၍ ရိတ်သိမ်းသိုလှောင်ကြိတ်ခွဲသည့်စနစ်၊ ကုန်ထုတ်လမ်းစနစ် စသည့် နည်းပညာမြင့်မားရေး၊ ဈေးကွက်သို့ ပုံမှန်တင်ပို့နိုင်ရေး စသည့် အချက်များအပေါ် အခြေခံ၍ အကောင်အထည် ဖော်ကြရမည်ဖြစ်ကြောင်း၊ အဆင့်မြင့်နည်းပညာများဖြင့် ဈေးကွက်သို့ ပုံမှန်တင်ပို့နိုင်သည့် လယ်ယာစိုက်ပျိုးရေးစနစ်သို့ ရောက်ရှိအောင် နိုင်ငံတော်အစိုးရနှင့်အတူ လုပ်ငန်းရှင်များ၊ ဆန်စပါးကုန်သည်များက ဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်ကြပြီး တောင်သူလယ်သမားများကလည်း တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလျှင်လိုကျေးရွာ၌ ယနေ့စတင်ပြုလုပ်အကောင်အထည်ဖော်သည့် စပါးအထွက်တိုးရေး၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ပြန့်အောင် အားလုံးက ဆက်လက်ဆောင်ရွက်ကြပါရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် ရောဟသ်ာဆန်စပါး အထူးပြုကုမ္ပဏီလီမိတက်မှ အလျှင်လိုကျေးရွာရှိ တောင်သူလယ်သမား ၂၀၃ ဦး တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသော ပုလဲသွယ် အထူးအထွက်တိုးစပ်မျိုးစပါး စိုက်ဧက ၃၆၈ ဒသမ ၈ ဧကအတွက် တစ်ဧကလျှင် ကြိုတင်ငွေကျပ်နှစ်သိန်းကို တောင်သူတစ်ဦးချင်းအား ပေးအပ်နေမှုနှင့် လယ်ယာစိုက်ပျိုးရေးသုံးပစ္စည်းများအား အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးပြီး စိုက်ကွက်မြေရိယာအတွင်း တောင်သူများ စပါးစိုက်ပျိုးနေမှု၊ ကုန်ထုတ်လမ်းများ၊ ရေပေးမြောင်း၊ ရေနုတ်မြောင်းနှင့် ပင်မရေနုတ်မြောင်းကြီး၊ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် စိုက်ပျိုးထားသည့် ပုလဲသွယ် စပ်မျိုးစပါး F(1) ပျိုးခင်းများ၊ စိုက်ပျိုးပြီးစီးသည့် ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တို့ နေပြည်တော်ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာအနီး အထူးဈေးနှုန်းဖြင့် ရောင်းချပေးသော လယ်ယာစိုက်ပျိုးရေးသုံးပစ္စည်းများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ရေပေးဝေမှု ခေတ္တပြတ်တောက်မည်

ရန်ကုန် ဇန်နဝါရီ ၂၇

မြို့တော်ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ညောင်နှစ်ပင်ရေသန့်စင် စက်ရုံနှင့် လှော်ကားဓာတ်အားခွဲရုံသို့ ဆက်သွယ်ထားသော ၃၃ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရန် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ လျှပ်စစ်ဓာတ်အား ဖြတ်တောက်ထားမည် ဖြစ်သည်။

အသိပေးနှိုးဆော်

သို့ဖြစ်ရာ မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ညောင်နှစ်ပင်ရေသန့်စင်စက်ရုံမှ ရေဖြန့်ဝေလျက်ရှိသော အောင်မင်္ဂလာအဝေးပြေးဝင်း၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း)၊ သာကေတနှင့် ဒေါပုံမြို့နယ်တို့၌ ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရေပေးဝေမှု ခေတ္တပြတ်တောက်မည်ဖြစ်သဖြင့် သောက်သုံးရေကြိုတင်စုဆောင်းထားကြရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျော်ဖုံးမှ*

ရှာရာပိုဗာဟာ ဝင်ဘယ်ဒန် ချန်ပီယံ ပီထရာဗစ်တိုးဗားကို နှစ်နာရီကြာ ကစားခဲ့ပြီးနောက် ၆-၃၊ ၃-၆၊ ၆-၄ နဲ့ အနိုင်ရခဲ့ခြင်းဖြစ်ပါတယ်။

ယှဉ်ပြိုင်ကစား

ဘီလာရုစ်တင်းနစ်မယ် အဇာရင်ကာကတော့ လက်ရှိချန်ပီယံ ကင်ကလစ္စတားကို ၆-၄၊ ၁-၆၊ ၆-၃ နဲ့နိုင်ပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဗိုလ်လုပွဲကို ယနေ့ **(စနေနေ့)**မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်သူဟာ ကမ္ဘာ့နံပါတ်တစ်နေရာကို ရရှိမှာဖြစ်ပါတယ်။ ဖေဖော်ဝါရီလနောက်ပိုင်း ကမ္ဘာ့နံပါတ်တစ်နေရာကို ရရှိခဲ့တဲ့ ဒိန်းမတ်တင်းနစ်မယ် ကာရိုလိုင်းဝေါ့ဇ်နီယာစကီးဟာ ကွာတားဖိုင်နယ်မှာ ကင်ကလစ္စတားကိုရှုံးပြီး ပြိုင်ပွဲမှထွက်ခဲ့ရပါတယ်။

ဘီလာရုစ်တင်းနစ်မယ် အဇာရင်ကာဟာ ယနေ့ပြိုင်ပွဲမှာ သြစတြေးလျ အိုးပင်းဖလားကြီးကို ကိုင်မြှောက်ခွင့်ရမယ်ဆိုရင် ဒီဖလားဟာ သူမအတွက်တော့ ပထမဆုံးသော ဂရင်းဆလမ်ဖလား ဖြစ်လာမှာ ဖြစ်ပါတယ်။ သို့ပေမယ့် ရှာရာပိုဗာသာ ဒီဖလားဆွတ်ခူးနိုင်ခဲ့မယ်ဆိုရင် သူမရဲ့ စတုတ္ထမြောက် ဂရင်းဆလမ်ဖလား ဖြစ်လာမှာ ဖြစ်ပါတယ်။ **(အင်တာနက်)**

ရှာရာပိုဗာ

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ဘက်စုံပညာဆုနှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် (၁၄)ကြိမ်မြောက် ဘက်စုံပညာဆုနှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီက ကျောင်း၏ ပညာဗိမာန်ခန်းမ၌ ကျင်းပရာ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်မင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အခမ်းအနားတွင် ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်က ဆုနှင်းသဘင်အခမ်းအနားနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်မြင့်မြင့်စန်းက ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းအဆင့် စာပေနှင့်ဘက်စုံထူးချွန်ဆုရရှိသူများ၊ ဆရာ ဆရာမကောင်းတက်မှန်ဆု ရရှိသူများ၊ စေတနာဖြင့် ဆေးကုသပေးသော ဆရာဝန်ကြီးများနှင့် ရေသန့်စက်အလှူရှင်တို့အား ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ထူးချွန်ဆုများနှင့် ဂုဏ်ပြုလွှာများပေးအပ်ကာ ဆက်လက်၍ ကျောင်းသား ကျောင်းသူများ၏ အနုပညာစွမ်းရည်ဖြင့် ပြသဖျော်ဖြေခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၂) ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂)ကို ယနေ့နံနက် ၁၀ နာရီတွင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ စတင်ကျင်းပရာ **(အောက်ပုံ)** အစည်းအဝေးသို့ တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကို၊ လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် လွှတ်တော်ကိုယ်စားလှယ် ၂၅ ဦး စုစုပေါင်း ၂၇ ဦး တက်ရောက်သည်။

အစည်းအဝေးတွင် ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂)သို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့ခဲ့သော သဝဏ်လွှာကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားပြီး တိုင်းဒေသကြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးမြတ်ကိုအား လစ်လပ်လျက်ရှိသော တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)နှင့် ပုဒ်မခွဲငယ်(၂)တို့နှင့်အညီ အဆိုပြုထားမှုကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြ၍ သဘောတူညီချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက ကန့်ကွက်ရန်မရှိသဖြင့် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ကတိသစ္စာပြု

ထို့နောက် အစီအစဉ်အရ အစည်းအဝေးကို ခေတ္တရပ်နားပြီး မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားကာ အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား အမေရိကန်နိုင်ငံ Johns Hopkins တက္ကသိုလ်ဥက္ကဋ္ဌ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စု ရှေ့နေချုပ်ရုံး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား အမေရိကန်နိုင်ငံ Johns Hopkins တက္ကသိုလ်ဥက္ကဋ္ဌ Mr. Ron Daniel သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု နမ့်ခမ်း၌ဟောပြော

နမ့်ခမ်း ဇန်နဝါရီ ၂၇

ရှမ်းပြည်နယ် မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဟောပြောပွဲကို ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့က ကျားဖြူခန်းမနှင့် အခြေခံပညာအထက်တန်းကျောင်း သီရိရွှေရည်ခန်းမတို့၌ ကျင်းပရာ လားရှိုးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းလှိုင် ဦးဆောင်သော ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ဌာနမှူးများနှင့် ကထိကများ တက်ရောက်ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**



ရှည်လျားပြီး ခံ့ညားထည်ဝါလှပသည့် ရောဝတီတံတား(ပခုက္ကူ)

အချက်အလက်များ

မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးဖြစ်သော ရောဝတီတံတား(ပခုက္ကူ)သည် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နှင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့အတွင်း တည်ရှိသည်။

တံတားကြီး၏ ပင်မတံတားအရှည်မှာ ၁၁၄၃၁ပေ(၂ ဒသမ ၁၆)မိုင်၊ ကားလမ်းတံတားအရှည်မှာ စုစုပေါင်း ၁၃၅၃၇ ပေ (၂ ဒသမ ၁၆)မိုင်၊ ရထားလမ်း တံတားအရှည်မှာ စုစုပေါင်း ၂၀၅၉၇ ပေ (၃ ဒသမ ၉၀)မိုင်ရှိသည်။

တံတားအုတ်မြစ်နှင့် အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးပိုင်နှင့် တိုင်ကိုယ်ထည်မှာ သံမဏိသံပေါင်အမျိုးအစားဖြစ်ပြီး မော်တော်ယာဉ်တစ်စီးချင်း ဝန်အလေးချိန်မှာ ၇၅ တန်ဖြစ်သည်။ ရထားလမ်းချဉ်းကပ်တံတားမှာ ပခုက္ကူဘက်ကမ်းတွင် ပေ ၅၄၂၀ နှင့် လက်ပန်ခြေပေါ်ဘက်ကမ်းတွင် ၃၇၄၆ ပေ စုစုပေါင်း ချဉ်းကပ်တံတား အရှည် ၉၁၆၆ ပေရှိသည်။ ကားလမ်းချဉ်းကပ်တံတားမှာ ပခုက္ကူဘက်ကမ်းတွင် ၁၃၇၈ ပေနှင့် လက်ပန်ခြေပေါ်ဘက်ကမ်းတွင် ၇၂၈ ပေ စုစုပေါင်း ချဉ်းကပ်တံတားအရှည် ၂၁၀၆ ပေရှိသည်။ တံတားကြီး၏ ရေလမ်းကင်းလွတ်အကျယ် ၂၆၂ ပေ (မီတာ ၈၀) ရှိပြီး ရေလမ်းကင်းလွတ်အမြင့်မှာ ၅၂ ပေ (၁၆ မီတာ) ရှိသည်။ စုစုပေါင်းရထားလမ်းအရှည် (၇ ဒသမ ၉၁) မိုင်နှင့် စုစုပေါင်း ရထားသံလမ်းအရှည် (၉ ဒသမ ၂၈)မိုင်ရှိပြီး အများဆုံးကွေ့ဒီဂရီမှာ ၃ ဒီဂရီဖြစ်သည်။

အဆိုပါတံတားကြီးသည် အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် INDIA-MYANMAR-THAI Tripartite Highway လမ်းမကြီးပေါ်တွင် တည်ရှိသည်။ Tripartite Highway လမ်းမကြီးအတွက် အဓိကတံတားကြီးအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အကျိုးကျေးဇူးများ

မြန်မာနိုင်ငံအတွင်း၌ အိန္ဒိယ-မြန်မာနယ်စပ် တမူးမြို့မှစတင်၍ ကလေးဝ-မြို့မ-ချောင်းမ-ယင်းမာပင်-လင်းကတော-လက်ဆည်ကန်-ပခုက္ကူ-လက်ပန်ခြေပေါ်-ပုဂံ-ကျောက်ပန်းတောင်း-ပျော်ဘွယ်-အုတ်တွင်း-ထန်းတပင်-ကျောက်ကြီး-ရွှေကျင်-ဒိုးဇရစ်-သိမ်ဇရပ်-သထုံ-မော်လမြိုင်-မုဒုံ-ကော့ကရိတ်လမ်းအတိုင်း မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့အထိ လမ်းအရှည် ၁၃၆၀ ကီလိုမီတာ မိုင်အားဖြင့် ၈၄၅ မိုင်ခန့်ရှိ တစ်ဆက်တစ်စပ်တည်း ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်မှ တံတားကြီးဖြစ်၍ အကျိုးကျေးဇူးများလှသည်။ ယင်းလမ်းမကြီးမှာ အိန္ဒိယနိုင်ငံနှင့် အာဆီယံနိုင်ငံများ ဆက်သွယ်သွားလာရာ၌ အဓိကကျသည့် လမ်းမကြီး ဖြစ်လာရာ ဒေသတွင်းနိုင်ငံများအတွက်ပင် အထောက်အကူပြုသည်။ ယခုအခါ တံတားကြီးကို အလုံးစုံ ပြီးပြည့်အောင်မြင်စွာ၊ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေး ပြည့်မီစွာဖြင့် တည်ဆောက်ပြီးစီးခဲ့ပြီး ကားလမ်းနှင့် ရထားလမ်းပူးတွဲပါရှိသည့် မြစ်ကူးတံတားကြီး တစ်စင်းဖြစ်၍ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ချောမွေ့လာသည်။

ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်အရှေ့ဘက်ခြမ်းရှိ ဖောက်လုပ်ဖွင့်လှစ်ပြီးဖြစ်သည့် တောင်တွင်းကြီး-ပုဂံ-မြင်းခြံ ရထားလမ်းနှင့် မြစ်အနောက်ဘက်ခြမ်းတွင် ဖောက်လုပ်ဆဲဖြစ်သည့် ကြံခင်း-ပခုက္ကူရထားလမ်းကို ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ တံတားပေါ်ရှိ ရထားလမ်းမှာ ပုဂံ-မြင်းခြံလမ်းပေါ်ရှိ သစ်ထောင့်ဘူတာနှင့် ကြံခင်း-ပခုက္ကူလမ်းပေါ်ရှိ ပခုက္ကူ တက္ကသိုလ်ဘူတာတို့ကို ချိတ်ဆက်ပေးထားပြန်သည်။

ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ပုသိမ်၊ ကြံခင်း၊ ပခုက္ကူ၊ ကလေး၊ မင်းဘူး၊ အမ်း၊ စစ်တွေမြို့များနှင့် နိုင်ငံတစ်ဝန်းလုံးရှိ နေပြည်တော်၊ မန္တလေး၊ မြစ်ကြီးနား၊ တောင်ကြီး၊ ရန်ကုန်၊ မော်လမြိုင်နှင့် ထားဝယ်မြို့များသို့ ရထားခရီးစဉ်များဖြင့် တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

တုံ့ပြန်သံများ

"အရင်ကဆို ဟိုဘက်ကမ်းကို ဇက်နဲ့ကူးပြီးမှ သွားလို့ရတော့ ပုဂံညောင်ဦးဘက်ကို တော်တော်နဲ့ မရောက်ဖြစ်ဘူး။ ခုတံတားကြီးပေါ်က သွားလို့ရပြီဆိုတော့ ပုဂံကဘုရားတွေကို နေ့တိုင်းသွားဖူးလို့ရပြီ"

[ပခုက္ကူမြို့သူ-မငြိမ်းငြိမ်း]

"အရင်က ကျွန်တော်တို့ ပခုက္ကူမြို့နယ်မှာရှိတဲ့ ကျေးရွာတွေက ပြည်သူများဟာ ညောင်ဦးမြို့ဘက်ကို သွားရာမှာ ဧရာဝတီမြစ်ကြီးကို လှေသမ္ဗန်၊ စက်လှေ၊ ဇက်ရေယာဉ်တို့ဖြင့် ရေလယ်ကျွန်းကြီးကိုပတ်ပြီး အချိန်ကြာမြင့်စွာ ကူးသန်းသွားလာခဲ့ရာ အခက်အခဲတွေ ပပျောက်သွားလို့ ဝမ်းသာပါတယ်"

[ပခုက္ကူမြို့သား-ကိုစိုးမင်းနိုင်]

"ပခုက္ကူမြို့နဲ့ ပတ်ဝန်းကျင်မြို့တွေ၊ ကျေးရွာတွေကို သွားလာဖို့အတွက် နီးလျက်နဲ့ ဝေးနေရပါတယ်၊ ရာသီဥတုအခြေအနေအရ ရေလမ်းခရီးနဲ့ ကူးခတ်သွားလာရာမှာ မိုးရာသီတွင် မမျှော်လင့်ဘဲ သဘာဝဘေးဒုက္ခတွေ ကြုံတွေ့ခဲ့ရပြီး လှေသမ္ဗန်၊ စက်လှေတွေ တိမ်းမှောက်လို့ ကုန်ပစ္စည်းများ ဆုံးရှုံးခြင်းနဲ့ တစ်ခါတစ်ရံ ဝမ်းနည်းဖွယ်ရာ လူ့အသက်တွေ ဆုံးရှုံးခြင်းကိုပါ ကြုံတွေ့ခံစားခဲ့ရပါတယ်၊ အခုလို မြန်မာနိုင်ငံရဲ့အရှည်ဆုံးတံတားကြီးဖြစ်တဲ့ ရောဝတီတံတား(ပခုက္ကူ)ကို ဖွင့်လှစ်နိုင်တဲ့ အတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့ ပိုမိုတိုးတက်ကောင်းမွန်ရုံသာမက ဆက်သွယ်သွားလာရေးလည်း အရင်ကထက် ပိုမိုအဆင်ပြေလာမှာ ဖြစ်ပါတယ်"

[ညောင်ဦးမြို့ဒေသခံ-ဦးဖုန်းကျော်]

ဘီပီ(၁)တွင် နှစ်နိုင်ငံနယ်စပ် ဝင်/ထွက် ဂိတ်ဖွင့်လှစ်မည်ဆိုပါက နှစ်နိုင်ငံသဘောတူညီမှုရှိရန်လို လောလောဆယ်တွင် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုပြုလုပ်ရန်၊ ဂိတ်ဖွင့်လှစ်ရန် သဘောတူညီထားမှုမရှိ

* *ရွှေဖုံးမှ*

ပဲမျိုးစုံစိုက်ပျိုးသည့် တောင်သူများအတွက်လည်း စပါးကဲ့သို့ အနိမ့်ဆုံးဈေးနှုန်းသတ်မှတ်ဝယ်ယူပေးနိုင်ရေးအတွက် အရန်ဆန်ဝယ်ယူရေးအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးခဲ့ကြပါကြောင်း၊ ယခုအခါ တောင်သူများနစ်နာမှုမရှိစေရန် အရန်ဆန်ဝယ်ယူရေးအစီအစဉ်ဖြင့် သင့်တင့်သောဈေးနှုန်းသတ်မှတ်ပြီး တောင်သူလယ်သမားများထံမှ စပါးများ တိုက်ရိုက်ဝယ်ယူသည့်လုပ်ငန်းများကို စပါးဈေးနှုန်းနိမ့်ကျနေသောဒေသများတွင် ဆောင်ရွက်နေပြီဖြစ်ပါကြောင်းနှင့် တောင်သူလယ်သမားများအတွက် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းစေမည့် အခြားနည်းလမ်းများဖြင့်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည်၏ **နယ်မြေဒေသအေးချမ်းလာမှုအပေါ်မူတည်၍ မိုင်းတုံမြို့နှင့် ထိုင်းနိုင်ငံ ကျိုန်းလောင်မြို့တို့ဆက်သွယ်လျက်ရှိသော မိုင်းတုံ-ပုံပါကျင် ဘီပီ(၁)လမ်းကြောင်းပေါ်ရှိ ဘီပီ(၁)ဂိတ်အား ဖွင့်လှစ်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ **တောင်ကြီး၊ လွိုင်လင်၊ နမ့်စန်၊ မိုးနဲ၊ မိုင်းပန်၊ တာဆန်း၊ မိုင်းတုံ-ပုံပါကျင်လမ်းကြောင်းမှာ (၂၉၈)မိုင် ကွာဝေးပြီး တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းတုံ-ပုံပါကျင်လမ်းကြောင်းသည် (၃၆၄)မိုင်ကွာဝေးပါကြောင်း၊ လမ်းကြောင်း(၂)ခုလုံးရှိ အချို့နေရာများတွင် ကုန်တင်ယာဉ်ကြီးများသွားနိုင်ရန် လမ်းများအား အကြီးစားပြင်ဆင်ပေးရန် လိုအပ်ပါကြောင်း၊ အချို့လမ်းများသည် မြေသားလမ်းများသာဖြစ်ပါကြောင်း၊ မိုးတွင်းတွင် လမ်းပျက်စီးမှုများဖြစ်ပေါ်ပြီး တံတားများ၏ ခံနိုင်ဝန်များမှာလည်း ယာဉ်နှင့်ကုန်အလေးချိန်(၁၃)တန်သာရှိ၍ လမ်း၊ တံတားများ ပိုမိုကောင်းမွန်မှသာ ကုန်စည်စီးဆင်းမှု အဆင်ပြေမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ကုန်သွယ်မှုချောမွေ့စွာ ဆောင်ရွက်နိုင်မည့်အခြေအနေမရှိပါကြောင်း၊ လောလောဆယ် ဘီပီ(၁)ဂိတ်မှ ဒေသတွင်း ရွာသားများကျန်းမာရေးအတွက် တစ်ဖက်နိုင်ငံသို့ ဆေးဝါးကုသမှုအတွက် သွားလာခြင်းသာရှိပြီး ကုန်သွယ်မှုမရှိပါကြောင်း၊ ဘီပီ(၁)တွင် နှစ်နိုင်ငံနယ်စပ် ဝင်/ထွက် ဂိတ်ဖွင့်လှစ်မည်ဆိုပါက နှစ်နိုင်ငံ သဘောတူညီမှုရှိရန် လိုအပ်ပါကြောင်း၊ လောလောဆယ်တွင် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုပြုလုပ်ရန်၊ ဂိတ်ဖွင့်လှစ်ရန်နှင့် နှစ်နိုင်ငံသဘောတူညီထားမှု မရှိကြောင်းကိုလည်း သိရှိရပါကြောင်း။**

နယ်စပ် ဝင်/ထွက် ဂိတ်ဖွင့်လှစ်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သော လုံခြုံရေးကောင်းမွန်အောင် ဆောင်ရွက်ပေးရန်၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ပေးရန်၊ ဆက်စပ်ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ပေးရန် စသည့်အချက်များ လိုအပ်မည်ဖြစ်ပါကြောင်း။

ယခုအခါ ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေပြီဖြစ်သည့်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ထိုင်းနိုင်ငံနှင့် ဆက်သွယ်ထားသော မိုင်းတုံ-ပုံပါကျင် ဘီပီ(၁)လမ်းကြောင်းပေါ်ရှိ ဘီပီ(၁)ဂိတ်ကို နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်နိုင်ရန်အတွက် အခြေခံလိုအပ်ချက်များ ပြီးပြည့်စုံအောင် ဆောင်ရွက်ပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ လွှတ်တော်ကိုယ်စားလှယ် (၃)ဦး၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာမေးခွန်း (၃)ခုနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ဖြေကြားသည်။

သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၏ **သာစည်မြို့နယ် ဉာဏ်ကန်ချောင်းကူး သစ်သားတံတားအား ပြုပြင်တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါ တံတားအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အထိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၃ ဒသမ ၁၆ သန်း၊ ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၉ ဒသမ ၈၃ သန်း စုစုပေါင်းငွေကျပ် ၂၂ ဒသမ ၉၉ သန်းဖြင့် သစ်သားကြမ်းခင်း ပြုပြင်ခြင်း၊ သစ်သားကြမ်းခင်းနှင့်ရက်မများပြုပြင်ခြင်း၊ လမ်းလွှဲရေကျော်ပြုလုပ်ခြင်း၊ လမ်းလွှဲရေကျော် ချဉ်းကပ်လမ်း ကျောက်ချောခင်းခြင်း၊ ရေကျော်ချဉ်းကပ်လမ်းပြုပြင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဉာဏ်ကန်ချောင်းကူး သစ်သားတံတားအား ကွန်ကရစ်တိုင်၊ သစ်သားရက်မ၊ သစ်သားကြမ်းခင်းဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ရန်နှင့် ချဉ်းကပ်လမ်းဆောင်ရွက်ရန်အတွက် ရန်ပုံငွေကျပ် ၁၀၃ ဒသမ ၇၃ သန်းခန့် လိုအပ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အဆိုပါလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင်၏ **မြစ်သားမြို့နယ် နွားကူးကြီးကျေးရွာအုပ်စုရှိ ပန်းလောင် မြစ်ကူးတံတားအား ပြန်လည်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပန်းလောင်မြစ်ကူးသစ်သားတံတားသည် ၂၀၀၆ခုနှစ်တွင် ကင်းတားဆည်ရေထုတ်လွှတ်မှုကြောင့် တံတား(၁)စင်းလုံး ရေမျောပါပျက်စီးခဲ့ရပါကြောင်း၊ သို့ဖြစ်၍ ၂၀၀၇ခုနှစ်တွင် မူလတံတားဟောင်း၏ အောက်ဘက်ပေ(၁၅၀)အကွာတွင် အရှည်(၂၃၅)ပေ၊ အကျယ်(၄)ပေရှိ လူကူးတံတား(၁)စင်းကို ကျေးရွာပြည်သူလူထု အစီအစဉ်ဖြင့် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့ပါကြောင်း။

ပန်းလောင်မြစ်ကူးသစ်သားတံတား (၃၁၅×၁၄×၁၅)ပေကို သစ်သားတိုင်၊ သံပေါင်ရက်မ၊ သစ်သားကြမ်းခင်းဖြင့် တံတားပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ်(၁၁၀ ဒသမ ၂၅)သန်းခန့် လိုအပ်မည်ဖြစ်ရာ အဆိုပါလုပ်ငန်းကို တစ်လုံးတစ်ခဲတည်းဆောင်ရွက်ပေးရန် အဖွဲ့ရန်ပုံငွေ လုံလောက်မှုမရှိပါသဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်အလိုက်စီမံချက်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၏ **မလှိုင်မြို့နယ်အတွင်း ရေရှားပါး ကျေးလက်ဒေသများ ရေရရှိရေးနှင့် မြို့ရေပေးဝေရေးကိစ္စအား ဆောင်ရွက်ပေးနိုင်ပါရန် ကိစ္စရပ်နှင့်စပ်လျဉ်း၍ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မလှိုင်မြို့နယ်အတွင်း သောက်သုံးရေ အခက်အခဲရှိနေသည့် ကျေးရွာ(၉)ရွာ၌ ရေလုံလောက်စွာ ရရှိရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ(၃)ရွာ၌ အဖွဲ့ရန်ပုံငွေကျပ် ၆ ဒသမ ၆၃ သန်း၊ အလှူရှင်လှူဒါန်းငွေကျပ် ၅ ဒသမ ၀ သန်း စုစုပေါင်း ငွေကျပ် ၁၁ ဒသမ ၆၃သန်းဖြင့် စက်ရေတွင်းများ တူးဖော်ပေးခဲ့ပြီး ကျန်ကျေးရွာ(၆)ရွာ၌လည်း ၂၀၁၂-၂၀၁၃မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ တစ်နှစ်လျှင်(၂)ရွာနှုန်းဖြင့် စက်ရေတွင်းများ တူးဖော်ပေးသွားမည် ဖြစ်ပါကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည် ထောင် စု ဝန်ကြီးဦးဝင်းမြင့် မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

မလှိုင်မြို့တွင် ရပ်ကွက်(၄)ခု၊ အိမ်ခြေ(၂၃၉၅)လုံးနှင့် လူဦးရေ(၁၅၃၉၂)ဦးရှိပြီး ရေလိုအပ်ချက်မှာ တစ်နေ့လျှင် ရေဂါလန် ၃ ဒသမ ဝသိန်း ဖြစ်ပါကြောင်း၊ မြို့နေလူထုကမိမိတို့အစီအစဉ်ဖြင့် စက်ရေတွင်း (၂၅၆)တွင်း၊ လက်တူးတွင်း(၁၀)တွင်းတို့မှ ရေရယူသုံးစွဲလျက်ရှိရာ မလှိုင်မြို့၏ရေရရှိရေးလွှမ်းခြုံမှုမှာ (၈၀)ရာခိုင်နှုန်းခန့်ဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

မြို့တိုးချဲ့ရေပေးရေးဆောင်ရွက်ရန်အတွက် လက်ရှိရေရယူသော ရေအရင်းအမြစ်နေရာတွင် (၆)လက်မပိုက် စက်ရေတွင်းအသစ်(၁)တွင်း ထပ်မံတူးဖော်ပြီး ဂါလန်(၅၀၀၀၀)ဆံ့ ရေစုကန်ပေါ်သို့ တင်ပို့၍ Gravity Flow System ဖြင့် ဖြန့်ဝေပေးပါက တစ်နေ့လျှင် ရေဂါလန် ၁ ဒသမ ၂ သိန်းခန့်အထိ တိုးချဲ့ဖြန့်ဝေပေးနိုင်မည် ဖြစ်ပါကြောင်း။

အဆိုပါ မြို့တိုးချဲ့ရေပေးရေးလုပ်ငန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၅ ဒသမ ၂၉ သန်းဖြင့် (၆)လက်မပိုက် စက်ရေတွင်းတူးဖော်ခြင်းနှင့် စက်တပ်ဆင်ခြင်း၊ ဂါလန်(၅၀၀၀၀)ဆံ့

မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက် မေးမြန်းစဉ်။ (သတင်းစဉ်)

သဲကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် မေးမြန်းစဉ်။ (သတင်းစဉ်)

ရန်ကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ရေစုကန်တည်ဆောက်ခြင်း၊ ရေတွန်းစက်တပ်ဆင်ခြင်း၊ (၆)လက်မပိုက် ရေပို့ပိုက်လိုင်းသွယ်တန်းခြင်း၊ (၂)လက်မပိုက် ရေဖြန့်ဝေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တိုးချဲ့ရေပေးရေးလုပ်ငန်းဆောင်ရွက်ပြီးချိန်တွင် မြို့ရေပေးရေးလုပ်ငန်းမှ တစ်နေ့လျှင် ရေဂါလန် (၁၂၀၀၀၀)ခန့်အထိ တိုးမြှင့်ဖြန့်ဝေနိုင်မည်ဖြစ်ရာ မလှိုင်မြို့၏ ရေရရှိရေး လွှမ်းခြုံမှုအနေဖြင့် (၁၀၀)ရာခိုင်နှုန်းအထိ တိုးတက်ဖြန့်ဝေနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ် (၂)ဦး၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ မေးခွန်း(၂)ခုနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြန်လည်ဖြေကြားသည်။

ပေါက်တောမဲဆန္ဒနယ်မှ ဦးထွန်းအောင်ခိုင်၏ **ပေါက်တောမြို့နယ်အတွင်းရှိ ဒီရေတား လယ်သမားတာများအား စီမံကိန်းတာများအဖြစ်သတ်မှတ်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်တည်ဆောက်ပေးရန် အစီအမံများ ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အတွင်း ထုထည်ကြီးမားခိုင်ခံ့အောင် ပြုပြင်ရန်လိုအပ်သော လယ်သမားတာ(၃၉၄)ခု ရှိသည့်အနက် ပထမဦးစားပေးပြုပြင်ရန် လိုအပ်သည့်တာ(၈၆)ခုကို ပြုပြင်ရန်အတွက် ၂၀၁၂-၂၀၁၃ခုနှစ် ငွေလုံးငွေရင်း အသုံးစရိတ်မှ ရန်ပုံငွေတင်ပြတောင်းခံထားပါကြောင်း၊ အဆိုပါလယ်သမားတာ(၈၆)ခုအနက် ပေါက်တောမြို့နယ်ရှိ ဒီရေတားလယ်သမားတာ (၁၄)ခု ပါဝင်ပါကြောင်း၊ ယခုပွင့်လင်းရာသီကာလအတွင်းတွင် လုပ်ငန်းများ အချိန်မီပြီးစီးအောင် အဆင့်လိုက် အကောင်အထည်ဖော်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်းရှိ ကျန်ရှိသည့်တာများကိုလည်း ဦးစားပေးအဆင့်အလိုက် လိုအပ်ချက်များအပေါ်မူတည်၍ စက်ယန္တရားများအသုံးပြုကာ ပိုမိုခိုင်ခံ့အောင် တည်ဆောက်ပြုပြင်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်၏ **သဲကုန်းမြို့နယ် အင်းမအင်းအတွင်းရှိ ရေထိန်းဆည်အား ပယ်ဖျက်ပေးပါရန်နှင့် ပယ်ဖျက်ပေးနိုင်ခြင်းမရှိပါက ရေထိန်းတံခါးများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရေစီးရေလာကောင်းမွန်စေရန်အတွက် ၂၀၁၂-၂၀၁၃ခုနှစ်တွင် မီးလောင်ချောင်းနှင့် အောင်ကုန်းချောင်း တူးဖော်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရန် ရန်ပုံငွေတင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း။

ၚင်းချောင်း(၂)ချောင်း တူးဖော်ပေးခြင်းဖြင့်လည်းကောင်း၊ အင်းမရေလွှဲဆည်ရှိ ရေထိန်းတံခါးများကို ဖေဖော်ဝါရီလကုန်တွင် ဖွင့်ချိန်စော၍ ဖွင့်ပေးခြင်းဖြင့်လည်းကောင်း ရေစီးရေလာကောင်းမွန်စေရန် လတ်တလော စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသေးစိတ်အချက်အလက်များကို ဆည်မြောင်းဆိုင်ရာ တည်ဆောက်ရေးပညာရှင်များအား မြေပြင်ကွင်းဆင်းတိုင်းတာဆောင်ရွက်စေလျက်ရှိပါကြောင်း။

အင်းမအင်းအတွင်းသို့ ရေဝင်ရောက်မှု၊ ရေထိန်းဆည်၏အနေအထား၊ ရေနစ်မြုပ်ရသည့် အကြောင်းရင်း၊ ရေနစ်မြုပ်မှုမှကာကွယ်ရန်နှင့် မြစ်မခချောင်း ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ပေးရမည့်လုပ်ငန်းစသည်တို့ကို အသေးစိတ်စူးစမ်းလေ့လာတိုင်းတာပြီးမှသာ ရေထိန်းဆည်ကိုပယ်ဖျက်ပေးရန် သင့်/မသင့်နှင့် အခြားသင့်လျော်သည့်ရေအားအဆောက်အအုံကို ဆောင်ရွက်ပေးရန် လိုအပ်ချက် စသည်တို့ကို ကျွမ်းကျင်သူများနှင့် ကွင်းဆင်းညှိနှိုင်းတိုင်ပင်၍ ဆုံးဖြတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စူးစမ်းလေ့လာတွေ့ရှိချက်များအပေါ်မူတည်ကာ လုပ်ငန်းစဉ်များကို အစီအစဉ်အလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုတင်သွင်းဆွေးနွေးခြင်းကဏ္ဍတွင် မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော်က **“တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားများ၏ လူမှုဘဝမြင့်မားတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေး ဦးစီးကော်မတီဖွဲ့စည်းရေး”** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ၊ မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၊ ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင်နှင့် မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်တို့က ထောက်ခံဆွေးနွေးကြပြီး အဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင်က **“ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ် ရတနာဖြစ်သော နွားနောက်မျိုးကောင်းမျိုးသန့် မေထုန်မဲ့စနစ်(AI-Artificial Insemination)နည်းဖြင့် နွားနောက်တစ်အုပ်တစ်မ အထူးမွေးမြူရေး”** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ဇန်နဝါရီ ၃၀ ရက်တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ဥပဒေကြမ်းဆွေးနွေးခြင်းကဏ္ဍတွင် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့သည့် **“မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်ချက်များအားဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများတွင် အခန်း (၄)၊ အပိုဒ် ၁၀ အထိ ဆွေးနွေးအတည်ပြုခဲ့ပြီး ဖြစ်သည်။

ယနေ့ ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ရာတွင် အပိုဒ် ၁၂၊ အပိုဒ် ၁၆(ဂ၊ င)၊ အပိုဒ် ၁၇၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(ခ၊ ဂ)၊ အပိုဒ် ၂၄တို့ကို မူလအဆိုပြု ပြဋ္ဌာန်းချက်အတိုင်းထားရှိရန်၊ အပိုဒ် ၁၃၊ ၁၄၊ အပိုဒ် ၁၆ (ခ၊ ဆ)၊ အပိုဒ် ၂၀ တို့ကို ပြည်သူ့လွှတ်တော်ကော်မတီ(၂)ခု၏ ပြင်ဆင်ချက်အဆိုအတိုင်းထားရှိရန်၊ အပိုဒ် ၁၅(က)ကို ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဆွေ၏ ပြင်ဆင်ချက်အဆိုအတိုင်းထားရှိရန်၊ အပိုဒ် ၁၆(စ)ကို ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ ပြင်ဆင်ချက်အဆိုအတိုင်းထားရှိရန်၊ အပိုဒ် ၁၈၊ ၁၉ တို့ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီခွဲတွင် ရပ်နားပြီး အစည်းအဝေး တတိယနေ့ကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ရုပ်မြင်ခံစား ရုပ်သံအစီအစဉ်များ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၅း၂၀	MRTV-4 သတင်း
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၀၀)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၅၃)
၁၁း၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (ဇာတ်သိမ်းပိုင်း)
၂း၀၀	MRTV-4 သတင်း
၂း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၅၄)
၆း၀၀	MRTV -4 သတင်း
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၀၁)
၈း၃၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **တေးသွားဧကရီ** (အပိုင်း-၁)

FA Cup Round -1 ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၂၅	QPR- Chelsea	(Star Sport)
၇း၁၀	Liverpool- Man U	(ESPN)
၉း၂၅	Derby- Stoke City	(ESPN) (MRTV-4)
၁၁း၄၀	Brighton- Newcastle Utd	(ESPN) (MRTV-4)

မြန်မာ့ရုပ်မြင်သံကြား

၂၈-၁-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၈း၄၀	၃။	**International News**

နေ့လယ်ပိုင်း

၁၁း၁၀	၁။	တေးဂီတအစီအစဉ်
၁၁း၄၅	၂။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၁၅	၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ကျောင်ဝွန်း** (အပိုင်း-၄၄)
၁၄း၅၀	၄။	**International News**

ညပိုင်း

၄း၁၀	၁။	တေးဂီတအစီအစဉ်
၄း၄၅	၂။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (အရှေ့တိုင်းပညာအထူးပြု) (အရှေ့တိုင်းပညာ)
၆း၀၀	၃။	ညနေခင်းသတင်း
၆း၁၅	၄။	မိုးလေဝသအခြေအနေ
၇း၀၀	၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချိုကြင်နာပို** (အပိုင်း-၈)
၈း၀၀	၆။	ပြည်တွင်းသတင်း
	၇။	နိုင်ငံတကာသတင်းများ
	၈။	မိုးလေဝသအခြေအနေ
	၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်ပွင့်လေးရဲ့ ဒိုင်ယာရီ** (အပိုင်း-၉)

တန်ပိုယာဉ်များအတွက် ဒဏ်ကြေး (၁၀)ဆ ပေးဆောင်စေခြင်းသည်

လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက်ဖြစ်

❍ ကျောဖုံးမှ

လမ်းတံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်သွားရန် တွန်းအားပေးဆောင်ရွက်လျက် ရှိပါကြောင်း။

ဇီးကုန်း-တောင်ခြေလမ်းနှင့် ညောင်ပင်-ဝေခါလမ်းတို့ကိုလည်း မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဆင့်ဆင့်လမ်းညွှန်မှုဖြင့် လမ်းအဆင့်တိုးမြှင့်ခြင်းလုပ်ငန်းအား ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေလျာထားတင်ပြသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က **"ချောင်းမချောင်း (ကျောက်ပန်းတောင်းမြို့နယ်)၊ ဆီမီးကန်ချောင်း (တောင်သာမြို့နယ်)နှင့် ကိုင်းချောင်း (တောင်သာမြို့နယ်) များပေါ်တွင် ချောင်းကူးတံတားများ ဆောက်လုပ်ပေးရန်"** မေးခွန်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ရန်ကုန်-ပြည်-မန္တလေးလမ်း၊ ကျောက်ပန်းတောင်းမြို့နှင့် တောင်သာမြို့အကြားတွင် အကျယ် ပေ (၇၀)ရှိ ချောင်းမချောင်း၊ အကျယ် ပေ(၃၀၀)ရှိ ဝဲလောင်ချောင်း၊ အကျယ်ပေ (၄၅၀)ရှိ ဆီမီးကန်ချောင်းနှင့် အကျယ်ပေ (၆၀၀)ရှိ ကိုင်းချောင်းတို့ရှိပါကြောင်း။

ဝဲလောင်ချောင်းတွင် ယခင်ဘေလီတံတားမှ အရှည်ပေ(၃၀၀)ရှိ သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်ဆောက်လုပ်ပေးခဲ့ပြီး ၂၀-၃-၂၀၁၁ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဝဲလောင်ချောင်းသည် ရေတစ်နှစ်ပတ်လုံးစီးဆင်းခြင်း၊ မိုးအခါ ရေများပြီး ရေစီးနှုန်းများ၍ ယခင်ကတည်းက တံတားဆောက်လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ကျန်ချောင်း(၃)ချောင်းမှာ ရေနည်းချိန်တွင် ကားများဖြတ်သန်းသွားလာပြီး ရေများချိန်တွင် စောင့်ဆိုင်း၍သွားလာရပါကြောင်း၊ ယခုနှစ်များတွင် မိုးများလာခြင်း၊ ချောင်းအထက်ဘက်များတွင် ဆည်များတည်ရှိနေခြင်းတို့ကြောင့် မိုးဆက်တိုက်ရွာချိန်တွင် (၁)ရက်မှ (၅)ရက်ခန့်အထိ စောင့်ဆိုင်းရသည်ဟု သိရှိရပါကြောင်း။

ဆောင်ရွက်သွားမည်

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်-ပြည်-မန္တလေးလမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ကျောက်ပန်းတောင်းမြို့နှင့် တောင်သာမြို့ကြားရှိ ချောင်းမချောင်း၊ ဆီမီးကန်ချောင်း၊ ကိုင်းချောင်းတို့တွင် တံတားဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်၌ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင်က **"ကလေးဒေသ၊ ချင်းပြည်နယ်မြောက်ပိုင်းနှင့် တမူး-ကဘော်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ပထမအဆင့်အနေဖြင့် ကလေးဝ-မဟာမြိုင်-ရေဦး-မုံရွာကားလမ်းအား အဆင့်မြှင့်တင်ပေးရန်နှင့် ဒုတိယအဆင့်အနေဖြင့် ကလေးဝမြို့အနီးတွင် ချင်းတွင်းမြစ်ကူးတံတား တစ်စင်း တည်ဆောက်ပေးရန် ဒေသခံပြည်သူလူထု၏ လိုလားချက်အား ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိ"** မေးမြန်းရာ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မုံရွာ - ရေဦး - မဟာမြိုင်-ကလေးဝလမ်းတွင် မုံရွာ-ရေဦး လမ်းပိုင်းနှင့် ရေဦး-တန့်ဆည်-ကလေးဝ လမ်းပိုင်းတို့ပါဝင်ပါကြောင်း၊ မုံရွာ-ရေဦးလမ်းမှာ (၅၄)မိုင် ရှည်လျား၍ ရာသီမရွေး သွားလာနိုင်သည့် ကတ္တရာလမ်းဖြစ်ပါကြောင်း။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း မေးမြန်းစဉ်။

(သတင်းစဉ်)

ရေဦး-တန့်ဆည်-ကလေးဝ လမ်းပိုင်းသည် (၁၀၅)မိုင် (၄)ဖာလုံရှည်လျားပြီး ၃၁-၅-၂၀၁၁ ရက်အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း (၁၇)မိုင် (၆)ဖာလုံ၊ ကျောက်လမ်း မိုင် (၄၀)(၅)ဖာလုံ၊ အမာခံလမ်း (၃၆)မိုင် (၄)ဖာလုံနှင့် မြေလမ်း (၁၀)မိုင် (၅)ဖာလုံတို့ဖြစ်ပါကြောင်း။

ရေဦး-တန့်ဆည်-ကလေးဝလမ်းပိုင်းသည် ကောင်းမွန်သည့် အခြေအနေရှိသော်လည်း သစ်တင်ကားများ အသွားအလာများသည့်အတွက် မိုင် ၁၃/၀ (တန့်ဆည်)နှင့် မိုင် ၈၃/၀ (သက္ကယ်ကျင်း) အပိုင်းတွင် လမ်းပုံစံလုံးဝပျောက်ကွယ်သွားပြီး မြေလမ်းအဆင့်ကို ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ မိုးရာသီတွင် ဆိုးရွားစွာပျက်စီးလျက်ရှိသည့်အတွက် နှစ်စဉ်ပွင့်လင်းရာသီရောက်တိုင်း မြေညှိစက်ဖြင့်ညှိ၍ ပြုပြင်ပြီး ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

လမ်းပျက်စီးမှုဖြစ်ပေါ်နေသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာ့သစ်လုပ်ငန်းတို့ အစည်းအဝေးကျင်းပ၍ သစ်ထုတ်ရာသီတွင် သစ်များကို ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ယာယီသစ်သယ်လမ်းကြောင်းရှာဖွေဖောက်လုပ်ပြီး ချင်းတွင်းမြစ်ကြောင်းအတိုင်း သယ်ယူရန်နှင့် မြစ်ကြောင်းမှတစ်ဆင့် မီးရထားလမ်းကို အများဆုံးအသုံးပြုပြီး သယ်ပို့သွားရန်၊ မော်တော်ယာဉ်ဖြင့် သွားလာလိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏ ဘေးမှ ယာယီသစ်သယ်လမ်းဖောက်၍ သယ်ဆောင်သွားရန် ညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း၊ ထိုသို့ လုပ်ဆောင်နိုင်မှသာ လမ်းတာပေါင်တင်ခြင်း၊ လမ်းပုံဖော်ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ စနစ်တကျ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသည့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများဖြင့် အတက်အဆင်းများပြီး လမ်းချောသောနေရာများ၌ ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာခင်း၍ ပြင်ဆင်ခြင်း၊ လမ်းချိုင့်များကျောက်ဖြည့်ခင်း၍ ဂျင်းမြေတင်ပြုပြင်ခြင်း၊ လမ်းတာပေါင်ဖို့ခြင်း၊ တောင်ပြိုမြေ ဖယ်ရှားခြင်း၊ မြေညှိစက်ဖြင့် လမ်းပုံဖော်ခင်းကြိတ်ခြင်း၊ ကွန်ကရစ်ရေကျော်နှင့် မြေကာနံရံများ တည်ဆောက်ခြင်း၊ ပေ(၅၀)အောက်၊ ပေ(၅၀)မှ ပေ (၁၀၀) အောက် သစ်သားတံတားများ တည်ဆောက်ခြင်း၊ တံတားများ တိုင်စင်၊ ရက်မ၊ ကြမ်းခင်း၊ ဘီးလမ်းနှင့် မြေကာနံရံပြင်ဆင်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါလုပ်ငန်းများအား ယခုနှစ် မတ်လအတွင်း အပြီးဆောင်ရွက်မည်ဖြစ်ပြီး ပွင့်လင်းရာသီတွင် ရေဦးမှ တန့်ဆည်အထိ ကတ္တရာလမ်းနှင့် တန့်ဆည်မှ ကံထူးမရွာအထိ ကျောက်လမ်းအပိုင်းကိုလည်း လမ်းချောမွေ့ကောင်းမွန်စွာ သွားလာနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည် ထောင် စု ဝန် ကြီး ဦး ခင် မောင်မြင့် မေး မြန်းချက်များကို ပြန်လည် ဖြေ ကြားစဉ်။

(သတင်းစဉ်)

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် ငွေလုံးငွေရင်း ရန်ပုံငွေ တင်ပြတောင်းခံထားပြီး ခွင့်ပြုရန်ပုံငွေဖြင့် မူလမြေလမ်းမှ အမာခံလမ်းအဆင့် မိုင် (၂၀)ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပေ (၁၈၀) နှင့်အထက် တံတားကြီး (၂၁) စင်းအား တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ချင်းတွင်းမြစ်ကူးတံတားကြီးများအနေဖြင့် ချင်းတွင်းမြစ်ကူး (ဆင်ဖြူရှင်) တံတားနှင့် ချင်းတွင်းတံတား (မုံရွာ)တို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

ယခုဘဏ္ဍာရေးနှစ်တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကူးတံတား ရတနာသိင်္ခတံတားနှင့် ပေ(၁၈၀)အောက်တံတား (၁၁)စင်းကိုလည်း ဆောက်လုပ်လျက်ရှိပါကြောင်း၊ မုံရွာမြို့မှ ကလေးမြို့သို့သွားလာရာတွင် မုံရွာ-ရေဦး-ကလေးဝ-ကလေးကားလမ်း၊ မုံရွာ-ယင်းမာပင်-ပုလဲ-ဂန့်ဂေါ-ကလေးကားလမ်းတို့အပြင် အတိုဆုံးလမ်းဖြစ်သည့် မုံရွာ-ယာကြီး-ကလေး ကားလမ်းကိုဖောက်လုပ်ပြီး မြစ်သာတံတား (ကလေးဝ)အား ဆောက်လုပ်ပေးခဲ့ပါကြောင်း၊ မုံရွာ-ယာကြီး-ကလေးဝကားလမ်းကိုလည်း ရာသီမရွေး သွားလာနိုင်အောင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မုံရွာ-ရေဦး-တန့်ဆည်-မဟာမြိုင်-ကလေးဝလမ်းမှာ ဘီအိုတီလမ်းပိုင်းဖြစ်သည့် မုံရွာ-ရေဦးအပိုင်းကို စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားရန် ကြပ်မတ်ညွှန်ကြားလျက်ရှိပါကြောင်း၊ မုံရွာ-ရေဦး-ကလေးဝကားလမ်းပေါ်၌ ချင်းတွင်းတံတားအား ဆောက်လုပ်ရန် လောလောဆယ်အစီအစဉ် မရှိသေးပါကြောင်းနှင့် နောင်နှစ်ရှည်စီမံကိန်းများတွင် ထည့်သွင်းရေးဆွဲပြီး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်းက **"ရွှေဘို-မြစ်ကြီးနားပြည်ထောင်စု လမ်းမကြီး၏ ကချင်ပြည်နယ်လမ်းပိုင်းအတွင်းရှိ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်ရေး နည်းလမ်းရှာဖွေပြီး မည်ကဲ့သို့ဆက်လက်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ"** မေးမြန်းရာ ရွှေဘို-မြစ်ကြီးနားလမ်းသည် ကချင်ပြည်နယ်အတွင်း မိုင်တိုင်အမှတ် ၁၆၈/၀ မှ ၂၈၉/၀ အထိ (၁၂၁)မိုင် ပါဝင်ပြီး လမ်းအခြေအနေမှာ ကတ္တရာလမ်းအမျိုးအစား ဖြစ်ပါကြောင်း၊ မိုင်တိုင်အမှတ် ၁၆၉/၀ မှ ၂၅၆/၁ အထိ (၈၈)မိုင် (၁)ဖာလုံကို တောက်ပကျက်သရေဇာတိမြေ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အားလည်းကောင်း၊ မိုင်တိုင်အမှတ် ၂၅၆/၁ မှ ၂၈၉/၀ အထိ (၃၂)မိုင် (၇)ဖာလုံကို လီဒိုဟိုင်းဝေးကုမ္ပဏီလီမိတက်အားလည်းကောင်း လမ်း-တံတားအဆင့်မြှင့်တင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားပါကြောင်း။

အဆိုပါလမ်းတွင် မိုးရာသီ၌ပျက်စီးခဲ့သောလမ်းပိုင်းများကို ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် လမ်း ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၄)က ပြုပြင်ထိန်းသိမ်းလျက်ရှိပြီး မိုးညှင်းခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကလည်း လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတားများအနေဖြင့်လည်း ပေ (၆၀) အရှည်ရှိကြသည့် ဗောဓိတံတား၊ ပေ (၆၀)အရှည် နွယ်နီချောင်းတံတား၊ ရဟန္တာချောင်းတံတား၊ ဆားမော်ချောင်းတံတားနှင့် ပေ (၁၂၀)အရှည် ဘီးလူးတံတားတို့အား သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ရာတွင် တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၅)က ၂၀၁၂ ခုနှစ် မတ်လအပြီး ပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

တွန်းအားပေးညွှန်ကြား

ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား စံချိန်စံညွှန်းနှင့်အညီ လမ်း-တံတား တိုးတက်ပြုပြင်ခြင်းများ ဆောင်ရွက်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တွန်းအားပေးညွှန်ကြားလျက်ရှိပါကြောင်း။

ရွှေဘို-မြစ်ကြီးနားလမ်း၏ ကချင်ပြည်နယ်အပိုင်းတွင် ပေ (၅၀)အောက်တံတား အစင်း (၄၂၀)၊ ပေ (၅၀)နှင့် (၁၀၀)ကြားတံတား (၁၀)စင်း၊ ပေ (၁၀၀)နှင့် (၁၈၀)ကြား တံတား (၆)စင်းနှင့် ပေ(၁၈၀) နှင့်အထက်တံတား(၆)စင်းတို့ တည်ရှိပါကြောင်း။

ယခင်လမ်းမကြီး စတင်ဖောက်လုပ်ခဲ့စဉ်က အရေအတွက်များပြားသည့် တံတားများအား ဘေလီတံတား၊ သံပေါင်တံတား၊ သစ်သားတံတားများနှင့် လမ်းကြောင်းပေါ်ပေါက်ရေးအတွက် ဦးစားပေးဆောက်လုပ်ခဲ့ပါကြောင်း၊ ယာယီတံတားများကို အမြဲတမ်းတံတားများအဖြစ် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အဆင့်မြှင့်ဆောက်လုပ်လျက်ရှိရာတွင် ပေ (၃၅၀)ရှိ နန့်ခွင်တံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပြီး ၂၀၁၁ ခုနှစ် မတ်လတွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ကချင်ပြည်နယ်အပိုင်းတွင်ရှိသည့် ကြံ့ခိုင်မှုအားနည်းနေသည့် တံတား(၅)စင်းကိုလည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနှင့် သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့် ဆောက်လုပ်လျက်ရှိရာ ယခုဘဏ္ဍာနှစ်အတွင်း ပြီးစီးမည်ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရွှေဘို-မြစ်ကြီးနားလမ်း၏ ကချင်ပြည်နယ်အပိုင်းတွင်ရှိသည့် ကြံ့ခိုင်မှုအားနည်းနေသည့် တံတားများကိုအဆင့်မြှင့် တည်ဆောက်ရေးအတွက် နှစ်စဉ်ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အဆင့်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားသည့် တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများကို စံချိန်စံညွှန်းနှင့်အညီ လမ်း-တံတား အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် တွန်းအားပေးညွှန်ကြားချက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးထွန်းလွင်က **"ကချင်ပြည်နယ်၊ ဗန်းမော်မြို့၏ တောင်ဘက် "ဟန်းတဲ" မြို့ထွက်တံတားကို အဆင့်မြှင့်ဆောက်လုပ်ပေးရန်"** နှင့်စပ်လျဉ်း၍ မေးမြန်းရာ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင် ဗန်းမော်မြို့တောင်ဘက် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် ၃၆၈/၃ နှင့် ၃၆၈/၄ အတွင်းတွင် တံတားအမှတ် ၁/၃၆၉၊ ဟန်းတဲတံတား တည်ရှိပါကြောင်း။

ယင်းတံတားကို ၁၉၅၉ ခုနှစ်က ဆောက်လုပ်ခဲ့ပြီး အရှည် (၈၆)ပေနှင့် အကျယ် (၁၂)ပေ ရှိကာ သံပေါင်ရက်မနှင့်သစ်သားကြမ်းခင်း၊ ခံနိုင်ဝန် (၁၃)တန်ရှိသော တံတားဖြစ်ပါကြောင်း၊ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း၊ ရွှေကူ-ဗန်းမော်အပိုင်းတွင် တံတားငယ်များမှာ သစ်သားတံတားများဖြစ်ပြီး ကြံ့ခိုင်မှုအားနည်းနေ၍ ဧရာဝတီတံတား (စင်းခန်း)ကို တည်ဆောက်နေသော အထူးစီမံကိန်းကြီးအဖွဲ့ (၂)အား တာဝန်ပေးဆောက်လုပ်ခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း သစ်သားတံတား (၁၆) စင်းကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်ဆောက်လုပ်ပြီးဖြစ်ပါကြောင်း၊ ဟန်းတဲတံတားကိုလည်း သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်ဆောက်လုပ်ရေး အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

သွားလာခွင့်ပြု

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာဝင်းမြင့်အောင်က **" Toll Gate များရှိ ယာဉ်အမျိုးအစားအလိုက် ခွင့်ပြုတန်ချိန်ကို ပြန်လည်ညှိနှိုင်းပေးရန်နှင့် ဒဏ်ကြေးငွေ ကောက်ခံနေမှုကိုလည်း ဥပဒေနှင့်အညီ စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးမြန်းရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အဝေးပြေးလမ်းမကြီးများနှင့် တံတားများပျက်စီးမှုနည်းစေရန်နှင့် သက်တမ်းပြည့် အသုံးပြုနိုင်ရန်အတွက် အာဆီယံစံချိန်စံညွှန်းကိုအခြေခံ၍ အလေးချိန်သတ်မှတ်ချက်နှင့် ကိုက်ညီသော ကုန်တင်ယာဉ်များကိုသာ သွားလာခွင့်ပြုခဲ့ပါကြောင်း၊ ယခုအခါ တစ်နိုင်ငံလုံးအနေနှင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ မှတ်ပုံတင်ထားသော ယာဉ်စီးရေစာရင်းမှာ စုစုပေါင်း (၃၆၈၆၉၇)စီးရှိပြီး (၃)တန်အထိ ကုန်တင်ယာဉ် (၂၉၁၈၇)စီး၊ (၃)တန်အထက်ကုန်တင်ယာဉ် (၃၇၉၈၈)စီး၊ အခြားယာဉ် (သစ်လုံးတင်ယာဉ်၊ ကွန်တိန်နာတင်ယာဉ်၊ ကွန်ကရိဖျော်ယာဉ် စသည်များ) (၁၅၂၆၉)စီး၊ လူစီးယာဉ်ငယ် (၂၆၆၃၂၆)စီး၊ ခရီးသည်တင်ယာဉ် (၁၉၉၂၇)စီး ဖြစ်ပါကြောင်း။

အဆိုပါယာဉ်များအနက် ယာဉ်အချို့သည် နှုန်းထားအသစ်ဖြင့် ကောက်ခံခြင်းမပြုမီ (၅ ဒသမ ၅)တန် တင်ဆောင်ရမည့်ယာဉ်သည် (၁၅)တန်သို့လည်းကောင်း၊ ဝင်ရိုး (၂)ခု (၆)ဘီး (၁၆)တန် တင်ဆောင်ရမည့်ယာဉ်သည် (၃၅)တန်သို့လည်းကောင်း၊ ဝင်ရိုး(၃)ခု (၁၀)ဘီး (၂၁)တန် တင်ဆောင်ရမည့်ယာဉ်သည် (၄၀)တန်သို့လည်းကောင်း၊ ဝင်ရိုး(၄)ခု (၁၂)ဘီး (၂၅)တန် တင်ဆောင်ရမည့်ယာဉ်သည် (၅၀)တန်သို့လည်းကောင်း တန်ပိုများတင်ဆောင်၍ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် သွားလာခဲ့သဖြင့် (၁၀)နှစ်ခံခင်းထားသည့်လမ်းသည် (၁)နှစ်နှင့်ပျက်စီးခဲ့ရပါကြောင်း။

ထိုသို့ အရေအတွက် (၁)သိန်းမျှပင်မပြည့်သည့် မော်တော်ယာဉ်ပိုင်ရှင်များ၏ တန်ပို တင်ဆောင်မှုကြောင့် လူဦးရေ သန်း (၆၀)ကျော်အသုံးပြုရမည့် လမ်း၊ တံတားများမှာ သတ်မှတ်ချိန်မတိုင်မီ ပျက်စီးခဲ့ရပါကြောင်း၊ သို့ဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်သော ကုန်တင်ယာဉ်မျိုးစုံအား အဆင့်အလိုက် တန်ချိန် လျှော့ချတင်ဆောင်မှုလုပ်ငန်းများ အောင်မြင်အောင် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယာဉ်မောင်းများ၊ ယာဉ်ပိုင်ရှင်များနှင့် ကုန်စည်ဒိုင်များက တန်ပိုတားဆီးရေးလုပ်ငန်းကြောင့် ကုန်ဈေးနှုန်းကြီးမြင့်နေကြောင်း အကြောင်းပြခြင်းသည် မူလတန်ပိုတင်ဆောင်စဉ်က ရရှိခဲ့သောအမြတ်အတိုင်းရလို၍ ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း။

အိမ်နီးချင်းအာဆီယံနိုင်ငံများတွင် ကုန်တင်ယာဉ်များသည် နိုင်ငံတော်၏ ခွင့်ပြုတန်ချိန်အတိုင်းသာ တင်ဆောင်သွားလာမှုများရှိကြောင်းကို လေ့လာတွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း အာဆီယံနိုင်ငံများက ကုန်တင်ဆောင်ရမည့်မူကို လက်မှတ်ရေးထိုးထားပြီးဖြစ်သည့်အတွက် သတ်မှတ်ထားသည့် တန်ချိန်ခွင့်ပြုချက်များအတိုင်း ဥပဒေနှင့်အညီ သတ်မှတ်ခွင့်ပြုပေးထားခြင်း ဖြစ်ပါကြောင်း၊ ယာဉ်ပုံစံများကို ဥပဒေမဲ့ အမျိုးမျိုးပြုပြင်၍ တန်ပိုများတင်ဆောင်သွားလာနေပါကြောင်း၊ သတ်မှတ်ခွင့်ပြုချက်အတိုင်း မလိုက်နာသည့်ယာဉ်များကို သတ်မှတ်ကြေညာထားသည့် ဒဏ်ကြေးငွေအတိုင်း ဒဏ်ရိုက်ကောက်ခံနေခြင်းဖြစ်သည့်အတွက် ယင်းလုပ်ဆောင်မှုသည် ဥပဒေနှင့်အညီ စီမံဆောင်ရွက်နေခြင်းသာဖြစ်ပါကြောင်း။

အထူးသဖြင့် စက်မှုဇုန်ထုတ်ကားများကို ကုန်ပိုမိုတင်ဆောင်နိုင်ရန် လိုအပ်သလိုပြင်ဆင်ထုတ်လုပ်နေခြင်းမျိုး မဖြစ်သင့်ဘဲ သတ်မှတ်သည့်စံချိန်စံညွှန်းအတိုင်းသာ ထုတ်လုပ်သင့်ပါကြောင်း၊ ဤကဲ့သို့ ထုတ်လုပ်လာသည့်ယာဉ်များကိုလည်း သတ်မှတ်စည်းကမ်းချက်နှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီး ဥပဒေမဲ့လုပ်ရပ်များဖြစ်ပါက အရေးယူရမည်ဖြစ်ပါကြောင်း။

အဆိုပါ ယာဉ်များသည် လိုင်စင်ဝင်သည့် (၁)ရက်၌သာ မူလပုံစံအတိုင်း အစစ်ဆေးခံမှုရှိပြီး၊ ကျန်ရက်များတွင် တန်ချိန်ပိုမိုတင်ဆောင်နိုင်ရေးအတွက် ဝင်ရိုးများပြောင်းလဲတပ်ဆင်ခြင်း၊ လေးများ ထပ်ပိုးခြင်း၊ ဖရိန်များထပ်ပိုးခြင်း၊ ကားဘော်ဒီများပြင်ဆင်ခြင်း၊ တာယာဆိုက်များလဲခြင်း၊ မူလဝင်ရိုးအပြင် ဝင်ရိုးတန်းများထပ်တိုးခြင်း စသည်ဖြင့် စည်းကမ်းများဖောက်ဖျက်၍ လမ်းမပေါ်တွင် သွားလာနေသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း။

ထို့ပြင် အာဆီယံနိုင်ငံများ ကုန်တင်ဆောင်ရမည့်မူကို ပို့ဆောင်ရေးဝန်ကြီးဌာနက လက်မှတ်ရေးထိုးခြင်းဖြစ်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနက (ယာဉ် + ကုန်) တန်ချိန်သတ်မှတ်ပေးခြင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အာဆီယံစံနှုန်းနှင့်ကိုက်ညီသောယာဉ်များ တင်သွင်းခွင့်ပြုခြင်း၊ စက်မှုဝန်ကြီးဌာနက စက်မှုဇုန်ထုတ်ကားများကို သတ်မှတ်ပုံစံအတိုင်းထုတ်လုပ်ရန် ကြီးကြပ်ဆောင်ရွက်ပေးခြင်း စသည်ဖြင့် တာဝန်ရှိဝန်ကြီးဌာနများမှလည်း ဝိုင်းဝန်းစည်းကမ်းထိန်းသိမ်းပေးနေကြပြီ ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း အဆိုပါဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ တန်ပိုတင်ဆောင်သည့် ကုန်တင်ယာဉ်များကို ထိထိရောက်ရောက် ကြပ်မတ်ထိန်းသိမ်းလျက်ရှိပါကြောင်း။

ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ မ. ထ. သ အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များက မိမိအမြတ်အစွန်းရရှိရေးအတွက် ယာဉ်များတွင် ကုန်ပစ္စည်းများ တန်ပိုတင်ဆောင်သွားလာနေမှုကြောင့် ပြည်ထောင်စုလမ်းများ ဆိုးရွားစွာပျက်စီးခြင်းအပေါ် ယာဉ်ပိုင်ရှင်များ၏ခံယူချက် အမှားကိုအမှန်ဖြစ်အောင် စည်းရုံးပြောဆိုပြီး စည်းကမ်းတကျ ကုန်ပစ္စည်းများတင်ဆောင်ရေး စိတ်ရှည်ရှည်ထား၍ ဆောင်ရွက်နေရခြင်း ဖြစ်ပါကြောင်း၊ လမ်းမကြီးများ ဥပဒေအရလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုလမ်းမကြီးကို ကာကွယ်ထိန်းသိမ်းရန်တာဝန်အရှိဆုံးသော ဝန်ကြီးဌာနဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

28-1 (07).pmd 1 1/28/2012, 3:01 AM

စာမျက်နှာ ၇ မှ

လမ်းအသုံးပြုခကောက်ခံရာတွင် ယခင် (၁၄)နှစ်ခန့်ကာလက လမ်း (၁)မိုင် ပြား (၆၀)မှ ယခုလမ်း(၁)မိုင် (၂)ကျပ်နှုန်းနှင့် ဘီအိုတီနှုန်းထားကို လမ်း(၁)မိုင် (၄)ကျပ် (၁၃)ပြားမှ ယခုလမ်း (၁)မိုင် (၅)ကျပ်နှုန်းသို့ ကုန်စည် (၁၆)မျိုး၏ အခြေခံဈေးနှုန်း ပြောင်းလဲလာမှုအပေါ် မူတည်ပြီး ဆတိုးပြောင်းလဲ ကောက်ခံခဲ့ပါကြောင်း၊ ကုန်တင်ယာဉ်များအတွက် အာဆီယံ စံချိန်စံညွှန်းနှင့် အညီ ယာဉ်နှင့်ကုန်အလေးချိန် နှစ်ရပ်ပေါင်းအတွက် ခွင့်ပြုတန်ချိန်နှင့် သတ်မှတ် နှုန်းထားသစ်များအား ၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/ ၂၀၁၁)မှ သဘောတူ ဆုံးဖြတ်ချက်အရ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ လည်း ကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများမှ ဘီအိုတီစနစ်ဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော လမ်းပိုင်းများအတွက် လမ်းအသုံးပြုခကောက်ခံ နှုန်းထားသစ်များအား ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ကျင်းပ ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၄ /၂၀၁၁)မှ သဘောတူဆုံးဖြတ်ချက်အရ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ လည်း ကောင်း ကောက်ခံခွင့်ပြုခဲ့ပါကြောင်း၊ ပညာပေးကာလအား အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိသတ်မှတ်ပြီး၊ အောက်တိုဘာ ၁၆ ရက်မှစ၍ ကောက်ခံနှုန်းထားအသစ်ဖြင့် ဒဏ်ကြေးပါပေးဆောင်ကောက်ခံစေခဲ့ရာ ယခု အချိန်တွင် ကုန်တင်ယာဉ်များ၏ စည်းကမ်းလိုက်နာမှု ၉၅ ရာခိုင်နှုန်း ရရှိခဲ့ပါ ကြောင်း။

ထိုသို့ သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်လာသော တန်ပိုယာဉ်များ အတွက် ဒဏ်ကြေး (၁၀)ဆ ပေးဆောင်စေခြင်းသည် ငွေကြေးရယူလို၍ မဟုတ်ဘဲ တန်ပိုယာဉ်လျော့နည်းပပျောက်စေရေး၊ လမ်း၊ တံတားများ ရေရှည် တည်တံ့ခိုင်မြဲစေရေးအတွက်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း လေလံစနစ်ဖြင့် လုပ်ကိုင် ခွင့်ပေးအပ်ထားသော လမ်း၊ တံတားဂိတ် (၂၆၁)ဂိတ်ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က ကြီးမှူး၍ ၂၀၁၁ ခုနှစ် မတ်လတွင် လေလံလုပ်ကိုင်ခွင့် ပေးအပ်ခဲ့ပါကြောင်း။

လမ်း၊ တံတား လေလံစာချုပ်များတွင် ကောက်ခံရမည့်နှုန်းထားများ အား ထည့်သွင်းချုပ်ဆိုထားပြီး ပိုမိုကောက်ခံပါက အရေးယူဆောင်ရွက်မည့် အချက်ကိုပါ ထည့်သွင်းချုပ်ဆိုထားပါကြောင်း၊ ၁၂-၅-၂၀၁၁ ရက်တွင် လေလံလုပ်ငန်းရှင်များအား ဝန်ကြီးဌာနသို့ခေါ်ယူ၍ လမ်း၊ တံတား အသုံးပြုခ များ ပိုမိုကောက်ခံလာပါက ပထမအကြိမ် သတိပေးခြင်း၊ ဒုတိယအကြိမ် ပိုမို ကောက်ခံပါက စစ်ဆေး၍ မှန်ကန်လျှင်ကောက်ခံမှု (၁)လသိမ်းယူ၍ ၎င်း (၁)လအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝင်ရောက်ကောက်ခံခြင်း၊ တတိယအကြိမ် သတ်မှတ်နှုန်းထားထက် ကျော်လွန်ကောက်ခံပါက လေလံ လမ်း/တံတားဂိတ် ကောက်ခံခွင့်အား ၎င်းဘဏ္ဍာနှစ်အတွက် အပြီးရုပ်သိမ်း ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်းကို ရှင်းလင်းပြောကြား သတိပေးခဲ့ပါ ကြောင်း။

သို့သော်လည်း အချို့သော လမ်း၊ တံတားဂိတ်များမှာ သတ်မှတ် နှုန်းထားထက် ကျော်လွန်ကောက်ခံသဖြင့် မန္တလေးတိုင်းဒေသကြီးတွင် လမ်း၊ တံတားဂိတ် (၁၆)ဂိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လမ်းဂိတ် (၄)ဂိတ်၊ မကွေးတိုင်းဒေသကြီးတွင် လမ်း၊ တံတားဂိတ် (၅)ဂိတ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် လမ်းဂိတ် (၁)ဂိတ်၊ စုစုပေါင်း လမ်း၊ တံတားဂိတ် (၂၆)ဂိတ် ကို အရေးယူခဲ့ရပါကြောင်း။

၂၀၀၉ ခုနှစ် မတ်လမှစ၍ လမ်း၊ တံတား လုံခြုံရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့မှ တန်ပိုယာဉ်တားဆီးရေးလုပ်ငန်းများ စတင်ဆောင်ရွက် ခဲ့ပြီး ကုန်တင်ယာဉ်မျိုးစုံအား သတ်မှတ်တန်ချိန်အတိုင်း တင်ဆောင်စေရန် ပညာပေးဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေ၍ အသိပေးခြင်းများနှင့် နိုင်ငံပိုင်သတင်းစာများတွင် မြန်မာနိုင်ငံနှင့်လမ်းများ ဆောင်းပါးရေးသား၍ ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၁ ခုနှစ် အောက်တိုဘာလမတိုင်မီ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အာဆီယံ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချက်အရ ကိုယ်ထည်အလျား (၁၅)ပေအောက်ရှိ (ကုန်တင်ယာဉ်ငယ်) လိုက်ထရပ်များအား (၂)တန်မှ (၅ ဒသမ ၅)တန်အထိ ခွင့်ပြုပေးထားသဖြင့် (၁၅)တန် တင်ဆောင်လာသည့် ယာဉ်များအနေဖြင့် တန်ပိုဒဏ်ကြေး (၁၀)ဆ ပေးဆောင်ရခြင်းဖြစ်ပါကြောင်း။

တိုးလ်ဂိတ်တစ်ခုနှင့်တစ်ခုရှိ ကတ္တားများမှာလည်း တန်ချိန်တစ်တန်ခန့် အထိ ကွာခြားမှုများရှိနေခြင်းအတွက် ကတ္တားဖြင့် ချိန်တွယ်ရာတွင် ၀ ဒသမ ၉ တန်အထိ အပိုတင်ဆောင်ခွင့်ပြုထားခဲ့ပါကြောင်း၊ ပြည်ထောင်စုလမ်းများ ပေါ်တွင် ကုန်စည်စီးဆင်းမှုတစ်ပြေးညီဖြစ်စေရန် ၂၀၁၁ ခုနှစ် မတ်လတွင် ကတ္တား (၃၃)ခုကို ပထမအကြိမ် စစ်ဆေးပြုပြင်ပေးခဲ့သော်လည်း ကုန်တင် ယာဉ်ကြီးများ၏ အတက်/အဆင်း ပြင်းထန်မှုဒဏ်ကြောင့် ကတ္တားလွဲမှားမှု အချို့ဖြစ်ပေါ်ခဲ့သဖြင့် ၅-၁၀-၂၀၁၁ ရက်မှ ၁၈-၁၀-၂၀၁၁ ရက်အထိ ကတ္တား (၄၃)ခုကို ဒုတိယအကြိမ် စစ်ဆေးပြုပြင်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော ဘီအိုတီကုမ္ပဏီများအနေဖြင့် လမ်းဖြတ်သန်းခရငွေနှင့် တန်ပိုရငွေများကို ကောက်ခံထိန်းသိမ်းပြီး ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်အတိုင်း ပြက္ခဒိန်နှစ် အလိုက် နှစ်စဉ် နိုင်ငံတော်ဘဏ္ဍာငွေသို့ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ပေးသွင်းရပြီး ၎င်းတို့လုပ်ကိုင်ခွင့်ရရှိသော လမ်းများအား လမ်းအဆင့်မြှင့်တင် ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်ရပါကြောင်း၊ သို့ဖြစ်၍ ဘီအိုတီ လုပ်ငန်းရှင်မှ ရရှိငွေပိုလေလေ နိုင်ငံတော်သို့လည်း ငွေပိုသွင်းရလေလေဖြစ်ပါ သဖြင့် တန်ပိုကြေးမှာ နိုင်ငံတော်မှ ရရှိပါကြောင်း။

ဘီအိုတီ လုပ်ကိုင်ခွင့်ရ လမ်း၊ တံတားဂိတ်များနှင့် လေလံ လမ်း၊ တံတားဂိတ်များ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ကတ္တားများတပ်ဆင်၍ တန်ပိုတားဆီးရေးလုပ်ငန်းများဆောင်ရွက်နေခြင်းသည် ပြည်ထောင်စုအစိုးရ အဖွဲ့မှ ထုတ်ပြန်ထားသောဥပဒေအား အကောင်အထည်ဖော်ဆောင်ရွက်နေ ခြင်းနှင့် အာဆီယံ စံနှုန်းနှင့်အညီ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ပေးသည့် (ယာဉ် + ကုန်)တန်ချိန်အရသာ ဆောင်ရွက်နေခြင်းဖြစ် သကဲ့သို့ အများပြည်သူအကျိုးကို သယ်ပိုးနေခြင်းလည်းဖြစ်ပါသဖြင့် ယာဉ် အမျိုးအစားအလိုက် ခွင့်ပြုတန်ချိန်ကို ပြန်လည်ညှိနှိုင်းပေးရန်မှာ မဖြစ်နိုင် ကြောင်း၊ စည်းကမ်းမလိုက်နာသော ယာဉ်ပိုင်ရှင်အနည်းစုအကျိုးထက် စည်းကမ်း လိုက်နာလျက်ရှိသော ယာဉ်ပိုင်ရှင်အများစုနှင့် အများပြည်သူအကျိုးကိုသာ ဦးတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါ ကြောင်း။

ဖြည့်စွက်ရှင်းလင်းလိုသည်မှာ ကတ္တား၏အမှားဖြစ်ပါက တန်ပို၏ ၀ ဒသမ ၉ တန်အထိ ကင်းလွတ်ခွင့်ပြုထားသော်လည်း၊ ယင်း ၀ ဒသမ ၉ တန်အထိ တန်ပိုခြင်းအား ခွင့်ပြုထားမှုအပေါ် အခွင့်ကောင်းယူပြီး သတ်မှတ်ထားသည့် ၀ ဒသမ ၉ တန်ကိုပင် ကုန်တင်ဆောင်လာမှုများရှိခဲ့ပါကြောင်း၊ တန်ပိုမှုကို ဒဏ်ကြေးသတ်မှတ်မှုမှာ ယာယီလိုက်လျောခြင်းသာဖြစ်ပြီး တန်ပိုယာဉ်များကို ဆက်လက်မောင်းနှင်ခွင့်မပြုတော့ဘဲ ဥပဒေအရ ထိန်းသိမ်းသွားမည်ဖြစ်ပါ ကြောင်း၊ အချို့နိုင်ငံများတွင် တန်ပိုတင်ဆောင်လာသောယာဉ်များကို လမ်းဘေး ကားလျှောင်ခြံသတ်မှတ်ကာ ၎င်းခြံဝင်းအတွင်းသို့ မောင်းနှင်စေပြီး ဥပဒေအရ အရေးယူကြောင်း၊ အိမ်နီးချင်း လာအိုနိုင်ငံတွင် ယခင်က ယာဉ်(၁)စီး Axel Load ၈ ဒသမ ၁ တန်သတ်မှတ်ခဲ့ပြီး အာဆီယံစံနှုန်းအရ ၉ ဒသမ ၁ တန်အထိ ပြင်ဆင်သတ်မှတ်ပေးခဲ့ကြောင်း၊ ယာဉ်များသတ်မှတ်တန်နှင့်အညီ မောင်းနှင်သွားလာသည့်အတွက် လမ်းများမပျက်စီးဘဲ ကောင်းမွန်လျက်ရှိပါ ကြောင်း၊ တန်ပိုယာဉ်များကို နိုင်ငံပိုင်သိမ်းနိုင်ပြီး ယာဉ်ပိုင်ရှင်ကို အမည်မည်း စာရင်းတွင် ထည့်သွင်းမည်ဟုသိရှိရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တန်ပို တင်ဆောင်ခြင်းအား ဒဏ်ကြေးငွေ (၁၀)ဆရိုက်ခြင်းသည် ယာယီကုန်တင်မှု အဆင်ပြေရန်အတွက် လိုက်လျောထားမှုသာ ဖြစ်ပါကြောင်းဖြင့် ဖြေကြား သည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်းက **"မွန်ပြည်နယ်၊ သထုံမြို့တွင် မြို့ရှောင်လမ်းဖောက်လုပ်မည့် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ မေးမြန်းရာ ရန်ကုန်-မြိတ်လမ်းသည် မွန်ပြည်နယ်အတွင်းတွင် (စစ်တောင်း- မော်လမြိုင်အပိုင်း) မိုင်တိုင်အမှတ် ၈၆/၅ မှ ၁၈၈/၅ အထိ (၁၀၂) မိုင် ရှည်လျားပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ရွှေသံလွင်ကုမ္ပဏီသို့ ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့က ကြီးကြပ် ဆောင်ရွက်နေသည့်လမ်းဖြစ်ပါကြောင်း။

ယင်းလမ်းပိုင်းသည် သထုံမြို့အတွင်းတွင် (၄)မိုင် ဖြတ်သန်းသွားပြီး မြို့တွင်းပိုင်းဖြစ်၍ ယာဉ်သွားလာမှုများပြားသည့်အတွက် ယာဉ်အန္တရာယ် ထိခိုက်မှုလျော့နည်းစေရန် မွန်ပြည်နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

သထုံမြို့ကိုရှောင်ကွင်းပြီး လမ်းဖောက်လုပ်မည်ဆိုပါက လမ်းကြောင်း (၂)ကြောင်း တိုင်းတာထားရှိပါကြောင်း၊ လမ်းအမှတ်(၁) အနေဖြင့် ရန်ကုန်- မြိတ်လမ်း မိုင်တိုင်အမှတ် ၁၅၃/၀ မှ ကြာပန်းရွာ၊ ဝီယော်ရွာနှင့် သိမ်ဆိပ်ရွာ ကိုဆက်သွယ်ထားသည့် စုစုပေါင်း ၂၄ မိုင် ၁ ဖာလုံအရှည်ရှိသည့် ခရိုင်ချင်း ဆက်လမ်းအမှတ်(၂)မှ သွားလာနိုင်ပါကြောင်း၊ လမ်းအမှတ်(၂) အနေဖြင့် ရန်ကုန်-မြိတ်လမ်း မိုင် ၁၄၈/၀ မှ စတင်၍ အနောက်ဘက်လယ်ကွင်း များကိုဖြတ်ပြီး မိုင် ၁၅၃/၀ တွင် ပြန်ဆုံသည့် သထုံမြို့ရှောင်လမ်း ဖြစ်ပြီး (၅)မိုင် အရှည်ရှိမည်ဖြစ်ပါ ကြောင်း။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၅)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင် မေးမြန်းစဉ်။
(သတင်းစဉ်)

သထုံမြို့ရှောင် လမ်းအပိုင်း ဖောက်လုပ်ရန်အတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနက ရွှေသံလွင်ကုမ္ပဏီနှင့် ညှိနှိုင်းဆွေးနွေးပြီးမှသာ သက်ဆိုင်ရာ ဌာနအဆင့်ဆင့်သို့ တင်ပြဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြား သည်။

ဆက်လက်၍ ပြည်ထောင်စု အစိုးရအဖွဲ့ကိုယ်စား အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် လူမှုဖူလုံရေး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူသည်။

ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်နိုင်သိန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က ဆွေးနွေးစဉ်းစားရန်သဘောတူသည်။

ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးမျိုးမြင့်၏ **"ပေ-ပေါင်-စက္ကန့် ယူနစ်စနစ် (Imperial Unit System)မှ စင်တီမီတာ- ဂရမ်-စက္ကန့် ယူနစ်စနစ် (Metric Unit System) သို့ပြောင်းလဲသုံးစွဲရေး သတ်မှတ်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂)မှ ဦးဝင်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးစတီဗင် သာဘိတ်နှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါ်နန်းနီနီအေးတို့က ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင် အောင် ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းတွင် သုံးစွဲနေသော ကိုလိုနီခေတ်က သတ်မှတ်ပေးခဲ့သည့် ပေ၊ ပေါင်၊ စက္ကန့်ယူနစ်အစား ခေတ်နှင့်လျော်ညီပြီး နိုင်ငံတကာက လက်ခံသုံးစွဲ နေသည့် မက်ထရစ်စနစ်ကို ပြောင်းလဲသင့်ပါကြောင်း၊ ပြုပြင်ပြောင်းလဲပါက အခက်အခဲအနည်းငယ်ကြုံတွေ့နိုင်ပြီး ယင်းစနစ်အသားကျစေရန် အချိန် အတိုင်းအတာတစ်ခု လိုအပ်မည်ဖြစ်ပါကြောင်း၊ ယခင်က တစ်ကမ္ဘာလုံးက ပေ၊ ပေါင်၊ စက္ကန့်ယူနစ်ကို သုံးစွဲခဲ့သော်လည်း ယခုအခါ မက်ထရစ်စနစ်ကို ပြောင်းလဲကျင့်သုံးနေကြပြီဖြစ်ကြောင်း၊ ယင်းစနစ်ကို ကျောင်းများတွင် သင်ကြားပေးထားပြီးဖြစ်ကြောင်း၊ အင်ဂျင်နီယာများ၊ ဈေးကြီးများတွင် သုံးစွဲ နေပြီဖြစ်ရာ ပြည်ပနိုင်ငံများနှင့်၊ အာဆီယံနိုင်ငံများနှင့် ဆက်သွယ်ဆက်ဆံ နေသည့် ဌာနဆိုင်ရာများအနေဖြင့် ယင်းစနစ်ကို စတင်သုံးစွဲသင့်ပြီဖြစ်ကြောင်း၊ ထို့နောက် တစ်နိုင်ငံလုံး ယင်းစနစ်ကို ပြောင်းလဲသုံးစွဲအောင် ဆောင်ရွက်သင့် ပါကြောင်း၊ ယနေ့အချိန်တွင် မြန်မာနိုင်ငံသည် အာရှသာမက ဥရောပနှင့် အခြားကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံလာနေရပြီဖြစ်ကြောင်း၊ ပညာရေး၊ သိပ္ပံ နည်းပညာနှင့် စီးပွားရေးနယ်ပယ်များအတွက် အသုံးပြုနေရသည့် အလေး ချိန်တွယ်မှုစနစ်ကို နိုင်ငံတကာသုံး မက်ထရစ်ယူနစ်စနစ် ပြောင်းလဲကျင့်သုံးမှ သာ သင့်လျော်မည်ယူဆပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

အဆို တင်သွင်း

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် အဆိုတင်သွင်းစဉ်။
(သတင်းစဉ်)

ယင်းအဆိုနှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦးက နိုင်ငံတော်တွင် လက်ရှိယှဉ်တွဲအသုံးပြုနေသည့် တိုင်းတာမှု စနစ် (Parallel Units) များမှာ ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းက ကျင့်သုံးခဲ့သော ရှေးရိုးအစဉ်အလာစနစ် (ဥပမာ- ပြည်၊ တင်း၊ တောင်း၊ ပိဿာ၊ ကျပ်သား)၊ အိန္ဒိယနိုင်ငံနှင့် တွဲဖက်အုပ်ချုပ်ရာမှ စတင် ကျင့်သုံးခဲ့သော အင်္ဂလိပ်တိုင်းတာမှုစနစ် (ဥပမာ- လက်မ၊ ပေ၊ ကိုက်၊ မိုင်၊ ဂါလန်)နှင့် ယနေ့ကာလ ကုန်တိုက်ကြီးများနှင့် ထုပ်ပိုးပြီး ကုန်စည်များတွင် သုံးသည့် မက်ထရစ်စနစ် (ဥပမာ-လီတာ၊ ကီလိုဂရမ်၊ မက်ထရစ်တန်)တို့ ဖြစ်ပါ ကြောင်း။

ထိုသို့ တိုင်းတာမှုစနစ်များကို တွဲဖက်သုံးစွဲနေရာတွင် ရှေးရိုးမြန်မာ အလေးချိန်စနစ်၌ ဆတိုးကိန်းတစ်သမတ်တည်းမရှိသဖြင့် တွက်ချက်ရာတွင် လွယ်ကူမှုမရှိခြင်း၊ တစ်နိုင်ငံတည်းပင်ဖြစ်သော်လည်း ဒေသအလိုက်ရေတွက်ပုံ ကွဲလွဲနေခြင်း၊ ထုထည်တူသောကုန်စည်အမျိုးမျိုး၏ အလေးချိန်မတူညီနိုင် ခြင်း၊ ထုထည်တူသော ကုန်စည်တစ်မျိုးတည်းတွင် အလေးချိန်မတူညီနိုင်ခြင်း စသည့်အခက်အခဲများ ကြုံတွေ့နေရပါကြောင်း။

ယခင် ဗဟိုသုတေသနဌာနလက်အောက်ရှိ စံသတ်မှတ်ရေးဌာနသည် ၁၉၇၀ ပြည့်လွန်နှစ်များက သုတေသနအဖွဲ့ကို ဖွဲ့စည်း၍ မက်ထရစ်စနစ် ပြောင်းလဲရေးအတွက် လေ့လာခဲ့ပြီး အလေးချိန်နှင့် အတိုင်းအတာများ အရေးယူဆောင်ရွက်မှုအက်ဥပဒေ(မူကြမ်း)ကို ပြုစုခဲ့သည်ဟု သိရှိရပါကြောင်း၊ ၁၉၉၆ ခုနှစ်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကို တည်ထောင်ဖွင့်လှစ်ပြီး နောက်တွင်လည်း မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန၊ စံသတ်မှတ် ရေးဌာနသည် အာဆီယံ-နယူးဇီလန် အကူအညီပေးရေးအစီအစဉ်နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၇ ခုနှစ်တွင် နယူးဇီလန်နိုင်ငံမှ ကျွမ်းကျင်သူ တစ်ဦး မြန်မာနိုင်ငံသို့ လာရောက်စစ်တမ်းကောက်ယူပြီး ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့တွင် United Nations Industrial Development Organization (UNIDO) အကူအညီဖြင့်ရေးဆွဲဆဲဖြစ်သည့် ဥပဒေအရတိကျစွာ တိုင်းတာမှုနည်းပညာဆိုင်ရာဥပဒေ **(Legal Metrology Law)ကို မြန်မာ နိုင်ငံနှင့် သင့်တော်အောင် ပြင်ဆင်ရေးဆွဲထားသည့်မူကြမ်းကို မြန်မာနိုင်ငံ လိုအပ် သလိုအသုံးပြုနိုင်ရန် အဆိုပါကျွမ်းကျင်သူကတင်ပြခဲ့ပါကြောင်း၊ ယင်းဥပဒေ မူကြမ်းမှာ နည်းပညာဆိုင်ရာ အသေးစိတ်အချက်အလက်များပါဝင်ပြီး အရေးယူ ဆောင်ရွက်ရမည့် ဌာနများကျယ်ပြန့်သဖြင့် ဥပဒေအဖြစ်အတည်ပြုနိုင်ရေး အတွက် မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် အခြားဥပဒေများနှင့် ကိုက်ညီအောင် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းဥပဒေအရ ပိုမို ပြည့်စုံသော မက်ထရစ်စနစ်ဖြစ်သည့် International System of Units (SI Unit)ကို တရားဝင်ယူနစ်အဖြစ် အသုံးပြုရမည်ဖြစ်ပါကြောင်း။**

ထို့အပြင် စံသတ်မှတ်ရေးဌာနသည် ကုန်စည်ပြိုင်၊ ကုန်သည်အသင်း များနှင့် စက်မှုဇုန်ဟောပြောပွဲများတွင် ရောင်းဝယ်ရေးနှင့် ကုန်ထုတ်လုပ်ငန်း များ၌ မက်ထရစ်စနစ်အမြန်ဆုံး ပြောင်းလဲရေးကို စဉ်ဆက်မပြတ် ဟောပြော စည်းရုံးပညာပေးလျက်ရှိပြီး တိကျတိုင်းတာမှုဥပဒေအား အတည်ပြုသတ်မှတ် သည့်အချိန်တွင် မက်ထရစ်စနစ်ကို တရားဝင်ကျင့်သုံးရမည်ဖြစ်ကြောင်း၊ အာဆီယံ သတ်မှတ်ချက်တွင်လည်း ထုပ်ပိုးပြီးထုတ်ကုန်များတွင် စာတမ်း ကပ်ရာ၌ International System of Units (SI Unit)ဖြင့်သာ သုံးစွဲရမည် ဖြစ်ကြောင်း၊ ယခုကတည်းကပင် လုပ်ငန်းနယ်ပယ်အသီးသီး၌ မက်ထရစ်စနစ် ကျင့်သုံးသင့်ကြောင်းဟောပြောခြင်း၊ စာတမ်းများပြုစုခြင်း၊ ဆောင်းပါးများ ရေးသားတိုက်တွန်းခြင်းတို့ကို ၂၀၀၇ ခုနှစ်မှစတင်၍ စဉ်ဆက်မပြတ်ဆောင်ရွက် လျက်ရှိပါကြောင်း။

မက်ထရစ်စနစ်သို့ ပြောင်းလဲရခြင်း၏ရည်ရွယ်ချက်မှာ နိုင်ငံ၏ ပို့ကုန် ကဏ္ဍတိုးမြှင့်ရန်နှင့် ကမ္ဘာ့စီးပွားရေးနှင့် လွယ်လင့်တကူ ပေါင်းစည်းနိုင်ရေး အတွက်ဖြစ်ပါကြောင်း၊ လက်ရှိအချိန်၌ နိုင်ငံအများတွင် မက်ထရစ်စနစ်ကို တရားဝင်ယူနစ်အဖြစ် ကြေညာသုံးစွဲနေသော်လည်း ရှေးရိုးသုံး ယူနစ်များကို လည်း ပြည်သူများ၏ နေ့စဉ်လူမှုဘဝများတွင် ကျယ်ကျယ်ပြန့်ပြန့် တွဲဖက် သုံးစွဲလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် မက်ထရစ်စနစ်သို့ Revolution ပုံစံဖြင့် ပြောင်းလဲခြင်းထက် Evolution ပုံစံဖြင့် တဖြည်းဖြည်းချင်းပြောင်းလဲလာသည်ကို တွေ့မြင်နိုင်ပြီး နိုင်ငံအများစု၏ မက်ထရစ်စနစ်သို့ ပြောင်းလဲမှုကာလမှာ ရှည်ကြာလှသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက မူကြမ်းရေးဆွဲ လျက်ရှိသည့် တိကျစွာတိုင်းတာမှု နည်းပညာဆိုင်ရာဥပဒေတွင်လည်း အခြား နိုင်ငံများ၏ ဥပဒေများကဲ့သို့ (SI Unit)နှင့် ရှေးရိုးတိုင်းတာမှုစနစ်များကို တိကျသောပြောင်းလဲနှုန်း (Conversion)များနှင့်ပူးတွဲ၍ အသုံးပြုသွားမည် ဖြစ်ပြီး အများပြည်သူကို တဖြည်းဖြည်း ပညာပေးမှုပြုလုပ်၍ ကျင့်သားရလာ

သည့်အချိန်တွင် မက်ထရစ်စနစ်သို့ ပြောင်းလဲ
လုပ်ငန်းနယ်ပယ်အသီးသီး၌ ယခုကတည်းက
စသည်ဖြင့် မက်ထရစ်စနစ်ကို ပြောင်းလဲကျင့်သုံး
ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

တိကျစွာတိုင်းတာမှုနည်းပညာဆိုင်ရာဥ
ချိန်တွယ်တိုင်းတာရေးကိရိယာများကို စံချိန်စံညွှန်
ထား၍ ကြီးကြပ်ပညာပေးသွားမည့်အပြင် နောက်
ထုတ်လုပ်မှု ရှိ/မရှိ ကြီးကြပ်စစ်ဆေးမှုများကို ဆေ
နှင့် ချိန်တွယ်တိုင်းတာမှုလုပ်ငန်းများတွင် မသ
အသုံးပြုမည့် ချိန်တွယ်တိုင်းတာရေးကိရိယာများအ
များနှင့်စပ်လျဉ်းသော သတ်မှတ်ချက်များလည်း
ဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြု
ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်
"ကိုယ်ဝန်ဆောင် ဝန်ထမ်းအမျိုးသမီးများအား မီးဖွ
ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြေ
ကိုယ်စားလှယ်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသ
ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး
ဒေါက်တာမြတ်ဉာဏစိုးနှင့် ရှမ်းပြည်နယ် မဲဆန္ဒ
ပေါင်းနပ်တို့က ဝန်ထမ်းအမျိုးသမီးများမီးဖွားခွ
ပေးသင့်သော်လည်း အသင့်အတင့်သာ တိုးပေး
တွင် အမျိုးသမီးနှင့် အမျိုးသားခွဲခြားဆက်ဆံခြင်
ရရှိနေပါကြောင်း၊ မိခင်နှင့်ကလေးစောင့်ရှောင
အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊
ကို တိုက်ရိုက်တိုက်ကျွေးခြင်းသည်သာ အကော
အတွက် မီးဖွားခွင့်ကို သင့်တော်လုံလောက်သည
ထပ်တိုးပေးရန်လိုအပ်ပါကြောင်းနှင့် အဆိုကို ထော
ကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်
ဦးကျော်သူက ပြည်ထောင်စုရာထူးဝန်အဖွဲ့ အ
အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏
များကို သုတေသနပြု လေ့လာမှတ်တမ်းပြုစုထား
နိုင်ငံအချို့၏ ခွင့်ခံစားခွင့်ကို နှိုင်းယှဉ်ကြည့်လျှင်
သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကမ္ဘောဒီးယားနို
တို့တွင် အမျိုးသမီးဝန်ထမ်း ကိုယ်ဝန်ဆောင်မီးဖွား
သည့်အတွက် မြန်မာနိုင်ငံ၏ မီးဖွားခွင့်နှင့်
ကြောင်း။

ဖိလစ်ပိုင်သမ္မတနိုင်ငံတွင် မီးဖွားခွင့်ကို (
ခွင့်ပြုပြီး စင်ကာပူသမ္မတနိုင်ငံတွင် မီးဖွားခွင့်ကို
(၈)ပတ် (တစ်နည်းအားဖြင့် ရက်ပေါင်း ၅၆ ရက်
မြန်မာနိုင်ငံ၏ မီးဖွားခွင့်ထက်ပိုသည့်နိုင်ငံဟူ၍
ရပြီး မီးဖွားခွင့်ကို (၄)လ သို့မဟုတ် (၆)လ ခွင့်ပြု
သော်လည်း **"ထမ်းဆောင်ရသည့် လုပ်ငန်းသ**
ခွဲခြားချက်ထားပြီး ပုံသေအတိအကျသတ်မှတ်ထား
ပါကြောင်း။

မြန်မာနိုင်ငံတွင် တည်ဆဲကျင့်သုံးလျက်ရှိ
ကောင်စီရုံးမှထုတ်ပြန်သည့် ဝန်ထမ်းစည်းမျဉ်းမျ
စာစောင်အပိုဒ် (၈၈၊ ၈၉၊ ၉၀)တို့နှင့် ၁၉၈၅ ခုနှ
ရေးအဖွဲ့မှ ထုတ်ပြန်သည့် ခွင့်ကိစ္စပြဋ္ဌာန်းချက်မ
မီးဖွားခွင့်ဆိုင်ရာများ သတ်မှတ်ပြဋ္ဌာန်းထားရှိ
အမျိုးသမီးတစ်ဦးသည် မီးဖွားခွင့်ကို ခွင့်ပေးသည
အားဖြင့် ရက်ပေါင်း (၉၀)အထိ ခွင့်ပြုသည့်စနစ်
ရှိပါကြောင်း။

ယခုကာလ၌ နိုင်ငံတော်အစိုးရ၏ စီမံခ
ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းနှင့်အညီ နိုင်
တာဝန်နှင့်ရပိုင်ခွင့်များကို ခေတ်စနစ်နှင့်လျော်ညီ
ပြဋ္ဌာန်းနိုင်ရန် "နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်
ရေးသားပြုစု၍ ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် ပြ
၁၃-၁၀-၂၀၁၁ ရက်တွင် ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း
၏ ဥပဒေအကြံပြုချက်များ ပြန်လည်ရရှိပါက နိုင်
ပြီးသောဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုအစိုးရ
အတည်ပြုချက်ရယူကာ လွှတ်တော်သို့ ပေးပို့တ
ပြဋ္ဌာန်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြော

အဆိုပါ "နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်
အခန်း(၆) ခွင့်ခံစားခြင်းအပိုင်းတွင် ခွင့်အမျိုးအ
၁၅ (စ)တွင် မီးဖွားခွင့်ကို ထည့်သွင်းသတ်မှ
ကြောင်း။

"နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေ
ပြဋ္ဌာန်းသည့်အခါတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး
လက်ရှိအတိုင်း (၃)လသတ်မှတ်ရန် သင့်/မသင့်
ခွင့်ကာလကို တိုးမြှင့်သတ်မှတ်ပေးရန် သင့်/မသ
ရက်မည်မျှတိုးပေးသင့်သည်ဟူသော အချက်အ
ကျန်းမာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာ
ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မိခ
အသင်း၊ အခြားသောပညာရှင်တို့နှင့် ညှိနှိုင်း
အမျိုးသမီးများအတွက် အသင့်တော်ဆုံးဖြစ်အေ
ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေ

ယင်းအဆိုကို လွှတ်တော်ကအတည်ပြု
မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်
"ပညာရေးဝန်ကြီးဌာနမှ ခန့်ထားပြီးသော ဘွဲ့
ဆရာအတတ်သင်ကျောင်းသို့ တက်ရောက်ခွင့်ရရှိ
ဆရာမအဖြစ် ပြောင်းလဲခန့်ထားနိုင်ပါက ၎င်းတို့
မည်ဖြစ်ပါ၍ အသက်ကန့်သတ်ချက်နှင့်ကျောင်းဝ
ချမှတ်ပေးသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား
တင်သွင်းရာ လွှတ်တော်ကလက်ခံဆွေးနွေးရန်

သည့်အချိန်တွင် မက်ထရစ်စနစ်သို့ ပြောင်းလဲကျင့်သုံးသွားရမည်ဖြစ်သဖြင့် လုပ်ငန်းနယ်ပယ်အသီးသီး၌ ယခုကတည်းက ကီလိုဂရမ်၊ မက်ထရစ်တန် စသည်ဖြင့် မက်ထရစ်စနစ်ကို ပြောင်းလဲကျင့်သုံး၊ ထုတ်လုပ်၊ ရောင်းဝယ်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

တိကျစွာတိုင်းတာမှုနည်းပညာဆိုင်ရာဥပဒေကို အတည်ပြုပြီးပါက ချိန်တွယ်တိုင်းတာရေးကိရိယာများကို စံချိန်စံညွှန်းနှင့်ကိုက်ညီအောင် အလေးထား၍ ကြီးကြပ်ပညာပေးသွားမည့်အပြင် နောက်ပိုင်းတွင် စံချိန်စံညွှန်းကိုက် ထုတ်လုပ်မှု ရှိ/မရှိ ကြီးကြပ်စစ်ဆေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ချိန်တွယ်တိုင်းတာမှုလုပ်ငန်းများတွင် မသမာမှုများမရှိစေရန်အတွက် အသုံးပြုမည့် ချိန်တွယ်တိုင်းတာရေးကိရိယာများအား ထုတ်လုပ်သူများ၊ သုံးစွဲသူများနှင့်စပ်လျဉ်းသော သတ်မှတ်ချက်များလည်း ပါဝင်လာမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည်၏ **''ကိုယ်ဝန်ဆောင် ဝန်ထမ်းအမျိုးသမီးများအား မီးဖွားခွင့်ရက် တိုးမြှင့်သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း''** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာမြတ်ဉာဏစိုးနှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆိုင်ပေါင်းနပ်တို့က ဝန်ထမ်းအမျိုးသမီးများမီးဖွားခွင့်ကို ယခုထက်ပို၍ တိုးမြှင့်ပေးသင့်သော်လည်း အသင့်အတင့်သာ တိုးပေးသင့်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးနှင့် အမျိုးသားခွဲခြားဆက်ဆံခြင်းမရှိဘဲ အခွင့်အရေးတန်းတူရရှိနေပါကြောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရင်သွေးငယ်များအား မိခင်နို့ကို တိုက်ရိုက်တိုက်ကျွေးခြင်းသည်သာ အကောင်းဆုံးအာဟာရဖြစ်စေသည့်အတွက် မီးဖွားခွင့်ကို သင့်တော်လုံလောက်သည့်ကာလတစ်ခုအထိ ခွင့်ရက်ထပ်တိုးပေးရန်လိုအပ်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေများကို သုတေသနပြု လေ့လာမှတ်တမ်းပြုစုထားရှိရာ မီးဖွားခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံအချို့၏ ခွင့်ခံစားခွင့်ကို နှိုင်းယှဉ်ကြည့်လျှင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့တွင် အမျိုးသမီးဝန်ထမ်း ကိုယ်ဝန်ဆောင်မီးဖွားခွင့်ကို ရက်(၉၀)အထိ ခွင့်ပြုသည့်အတွက် မြန်မာနိုင်ငံ၏ မီးဖွားခွင့်နှင့် တူညီမှုရှိသည်ကို တွေ့ရှိရပါကြောင်း။

ဖိလစ်ပိုင်သမ္မတနိုင်ငံတွင် မီးဖွားခွင့်ကို (၂)လ (ရက်ပေါင်း ၆၀) သာ ခွင့်ပြုပြီး စင်ကာပူသမ္မတနိုင်ငံတွင် မီးဖွားခွင့်ကို လစာပြည့်ဖြင့် ရက်သတ္တ (၈)ပတ် (တစ်နည်းအားဖြင့် ရက်ပေါင်း ၅၆ ရက်)သာ ခံစားခွင့်ပြုပါကြောင်း၊ မြန်မာနိုင်ငံ၏ မီးဖွားခွင့်ထက်ပိုသည့်နိုင်ငံဟူ၍ ဗီယက်နမ်နိုင်ငံကိုသာ တွေ့ရှိရပြီး မီးဖွားခွင့်ကို (၄)လ သို့မဟုတ် (၆)လ ခွင့်ပြုပါကြောင်း၊ ထိုသို့ ခွင့်ပြုထားသော်လည်း **''ထမ်းဆောင်ရသည့် လုပ်ငန်းသဘောသဘာဝအရ''** ဟူ၍ ခြွင်းချက်ထားပြီး ပုံသေအတိအကျသတ်မှတ်ထားခြင်းမဟုတ်သည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံတွင် တည်ဆဲကျင့်သုံးလျက်ရှိသော ၁၉၈၄ ခုနှစ် နိုင်ငံတော်ကောင်စီရုံးမှထုတ်ပြန်သည့် ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာ ကောက်နုတ်ချက်စာစောင်အပိုဒ် (၈၈၊ ၈၉၊ ၉၀)တို့နှင့် ၁၉၈၅ ခုနှစ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မှ ထုတ်ပြန်သည့် ခွင့်ကိစ္စပြဋ္ဌာန်းချက်များ အပိုဒ် (၁၀၊ ၁၁)တို့တွင် မီးဖွားခွင့်ဆိုင်ရာများ သတ်မှတ်ပြဋ္ဌာန်းထားရှိရာ ကိုယ်ဝန်ဆောင်ဝန်ထမ်းအမျိုးသမီးတစ်ဦးသည် မီးဖွားခွင့်ကို ခွင့်ပေးသည့်နေ့မှစ၍ (၃)လ၊ တစ်နည်းအားဖြင့် ရက်ပေါင်း (၉၀)အထိ ခွင့်ပြုသည့်စနစ်ကို ယနေ့တိုင် ကျင့်သုံးလျက်ရှိပါကြောင်း။

ယခုကာလ၌ နိုင်ငံတော်အစိုးရ၏ စီမံခန့်ခွဲအုပ်ချုပ်မှု ယန္တရားသစ်ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းနှင့်အညီ နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်း၍ တာဝန်နှင့်ရပိုင်ခွင့်များကို ခေတ်စနစ်နှင့်လျော်ညီစွာ တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန် ''နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေ(မူကြမ်း)''ကို ရေးသားပြုစု၍ ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ၁၃-၁၀-၂၀၁၁ ရက်တွင် ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေအကြံပြုချက်များ ပြန်လည်ရရှိပါက နိုင်ငံတော်သမ္မတက အတည်ပြုပြီးသောဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူကာ လွှတ်တော်သို့ ပေးပို့တင်ပြပြီး ဥပဒေတစ်ရပ်အဖြစ်ပြဋ္ဌာန်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ ''နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေ(မူကြမ်း)''၏ အခန်း(၆) ခွင့်ခံစားခြင်းအပိုင်းတွင် ခွင့်အမျိုးအစားများနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၅ (စ)တွင် မီးဖွားခွင့်ကို ထည့်သွင်းသတ်မှတ် ပြဋ္ဌာန်းသွားမည်ဖြစ်ပါကြောင်း။

''နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေနှင့် နည်းဥပဒေ''တို့ ရေးဆွဲပြဋ္ဌာန်းသည့်အခါတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးဝန်ထမ်းများ၏ မီးဖွားခွင့်ကို လက်ရှိအတိုင်း (၃)လသတ်မှတ်ရန် သင့်/မသင့် (သို့တည်းမဟုတ်) မီးဖွားပြီးခွင့်ကာလကို တိုးမြှင့်သတ်မှတ်ပေးရန် သင့်/မသင့်၊ သင့်သည်ဆိုပါကလည်း ရက်မည်မျှတိုးပေးသင့်သည်ဟူသော အချက်အလက်တို့ကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အခြားသောပညာရှင်တို့နှင့် ညှိနှိုင်းတိုင်ပင်ကာ နိုင်ငံ့ဝန်ထမ်းအမျိုးသမီးများအတွက် အသင့်တော်ဆုံးဖြစ်အောင် စီမံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်ကအတည်ပြုသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးတင်မောင်ဝင်း၏ **''ပညာရေးဝန်ကြီးဌာနမှ ခန့်ထားပြီးသော ဘွဲ့ရအထွေထွေလုပ်သားများကို ဆရာအတတ်သင်ကျောင်းသို့ တက်ရောက်ခွင့်ရရှိစေပြီး မူလတန်းပြ ဆရာ/ဆရာမအဖြစ် ပြောင်းလဲခန့်ထားနိုင်ပါက ၎င်းတို့ဘဝတက်လမ်း ပွင့်လင်းလာမည်ဖြစ်ပါ၍ အသက်ကန့်သတ်ချက်နှင့်ကျောင်းဝင်ခွင့် စည်းမျဉ်းများ ပြင်ဆင်ချမှတ်ပေးသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း''** အဆိုကို တင်သွင်းရာ လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည်၏ **''မြန်မာနိုင်ငံပညာရေးကို ပြန်လည်ဆန်းစစ်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း''** အဆိုကိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးဒုတိယနေ့ကို မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်ရပ်နားပြီး တတိယမြောက်နေ့ အစည်းအဝေးကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃၀ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း (၇)ခုကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း(၂)ခုတင်သွင်းခြင်း၊ ယမန်နေ့က တင်သွင်းထားသည့် အဆို(၂)ခု ဆွေးနွေးခြင်းနှင့် အဆို(၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ၂၀၁၂ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော စက်မှုဝန်ကြီးဌာနအသင်းအား ပင်မဒိုင်းဆု ချီးမြှင့်စဉ်။
(သတင်းစဉ်)

မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၃ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်မှ တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်)အထိ ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက် ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းအဖွဲ့ (၃၂)ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဗုဒ္ဓပူဇနိယပွဲတော်ရက်အတွင်း စေတီတော်အား ပန်း၊ ဆီမီး၊ သစ်သီးဖြင့် ကပ်လှူပူဇော်ပြီး ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ထမနဲဆွမ်းများ ကပ်လှူပူဇော်မည်ဖြစ်သည်။

ဖေဖော်ဝါရီ ၈ ရက် နံနက် ၇ နာရီတွင် စေတီတော်ရင်ပြင်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဆရာတော်ကြီးများ၊ ဒဂုံနှင့် ဗဟန်းမြို့နယ်အတွင်းရှိ ဆရာတော်ကြီးများအပါအဝင် စုစုပေါင်း ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်သည်။

ပွဲတော်ရက်များတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများက သုံးညတိုင်တိုင် ည ၇ နာရီမှစ၍ ဓမ္မရက္ခိတဓမ္မာရုံ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ရာ အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် ညတရားပွဲများသို့ ကြွရောက်တရားတော်များ နာယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

၂၀၁၂ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေ ၃ နာရီတွင် ဇမ္ဗူသီရိမြို့နယ် ဘော်လီဘောအားကစားကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲစဉ်အဖြစ် စက်မှုဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စက်မှုဝန်ကြီးဌာနအသင်းက သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က တတိယဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ စက်မှုဝန်ကြီးဌာနအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက အကောင်းဆုံး စပေးဘောဆုရ မောင်မောင်သိုက် (စက်မှုဝန်ကြီးဌာနအသင်း)၊ အကောင်းဆုံးပင့်ထောင်ဆုရ ခွဲခြားမောင် (စက်မှုဝန်ကြီးဌာနအသင်း)၊ အကောင်းဆုံး ရိုက်ခုတ်ဆုရ ငွေးအောင် (နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း)၊ အကောင်းဆုံး ပိတ်ဆို့ဆုရ အုန်းရွှေ (နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း)၊ အကောင်းဆုံး ခုခံဆယ်မဆုရ မျိုးကိုကို (စက်မှုဝန်ကြီးဌာနအသင်း)နှင့် အကောင်းဆုံး ဘော်လီဘောအားကစားသမားဆုရ သိန်းတန်(စက်မှုဝန်ကြီးဌာနအသင်း)တို့အား အကောင်းဆုံး ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ပထမဆုရ စက်မှုဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ တတိယဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် စတုတ္ထဆုရ ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဗိုလ်စွဲသွားသော စက်မှုဝန်ကြီးဌာနအသင်းအား ပင်မဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်အား နီပေါသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်အား မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H. E. Ms. Guna Laxmi Sharma Bishowkarma သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၌ နာဂစ်မုန်တိုင်းသင့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း သံအမတ်ကြီး၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုများအတွက် အထူး ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး မြန်မာနိုင်ငံတွင် မိခင်သေဆုံးမှုနှုန်းလျှော့ချရေး ဆောင်ရွက်မှုလုပ်ငန်းများနှင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသိပ္ပံပညာဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြင်းမူမြို့တွင် စာပေဟောပြောပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

မြင်းမူမြို့ အထက၏ (၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲအထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို မြင်းမူ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၈ ရက် ညနေ ၆ နာရီမှ ည ၁၁ နာရီခွဲအထိ ကျင်းပရာ စာရေးဆရာများဖြစ်ကြသော တင်မြင့် (နေမျိုးသန့်)၊ မြင်းမူမောင်နိုင်မိုးနှင့် မောင်ငြိမ်းအေး(ဘုတလင်)တို့က စာပေရေးရာများကို ဟောပြောခဲ့ရာ စာပေဝါသနာရှင်များနှင့် ကျောင်းသားကျောင်းသူအင်အား ၁၀၀၀ ကျော် တက်ရောက်နားထောင်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ မြောက်ဥက္ကလာပ ဝေဘာဂီမြို့သစ် အမှတ်-၂၄၂ ကံ့ကော်လမ်း (၃)ရပ်ကွက်နေ ဦးတင်မြင့်-ဒေါ်သန်း မိသားစုက ဒေါ်သန်း (၈၂)နှစ်ပြည့် မွေးနေ့အဖြစ် ကျောက်တန်းဘိုးဘွားရိပ်သာအတွက် တစ်နေ့တာ အာဟာရနှင့် ဘိုးဘွား နာမကျန်းဆောင်အတွက် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင် လက်ခံစဉ်။
(မြို့နယ် ပြန်/ဆက်)

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဒေါက်တာ မောင်မောင်လေး၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမိုးကျော်နှင့် အလုပ်အမှုဆောင်များသည် ထိုင်းနိုင်ငံ Kasikorn Bank Group မှ First Senior Vice President , Mr. Pattanapong Tansomboon ခေါင်းဆောင်၍အဖွဲ့ဝင်သုံးဦးပါဝင်သောကိုယ်စားလှယ်အဖွဲ့နှင့် ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက အသင်းချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ရင်းနှီးစွာဆွေးနွေး

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု အခြေအနေများဆိုင်ရာကိစ္စ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ဘဏ္ဍာရေးကဏ္ဍလုပ်ငန်းများတွင် တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ဈေးကွက်အခြေအနေများ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ သတင်းအချက်အလက်များ ဖလှယ်နိုင်ရေး၊ မြန်မာနိုင်ငံ၌ ဘဏ်ခွဲဖွင့်လှစ်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမိုးကျော်နှင့် အသင်းဝင်လုပ်ငန်းရှင်များသည် ထိုင်းနိုင်ငံ Siam Cement General Trading Co., Ltd. မှ Managing Director , Mr. Kalin Sarasin ခေါင်းဆောင်၍ အဖွဲ့ဝင် သုံးဦးပါဝင်သောကိုယ်စားလှယ်အဖွဲ့အား အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် စီးပွားရေးပြုပြင်ပြောင်းလဲလာမှုအခြေအနေများ၊ ဘိလပ်မြေတင်ပို့မှုနှင့် စပ်လျဉ်းသည့်ကိစ္စ၊ ကုန်သွယ်မှုဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ အကြီးစားဆောက်လုပ်ရေးလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိစ္စ၊ ဘိလပ်မြေစက်ရုံလုပ်ငန်း ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ကန်ကြီးထောင့်မြို့နယ် ရွာသစ်ကုန်းကျေးရွာအဝင်တံတားဖွင့်ပွဲကျင်းပ

ကန်ကြီးထောင့် ဇန်နဝါရီ ၂၇

ကန်ကြီးထောင့်မြို့နယ် ထိပ်သာကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ အဝင်တံတားဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက ရွာသစ်ကုန်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချစ်လွင်က တံတားဆောက်လုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အလှူရှင်များ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၂၅ သိန်း ငါးသောင်း ကုန်ကျခံတည်ဆောက်ခဲ့သည့် ကွန်ကရစ်တံတားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချစ်လွင်နှင့် အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မူးယစ်ဆေးဝါးအန္တရာယ်နှင့် မှုခင်းကျဆင်းရေး သိန်းနီ၌ဟောပြော

သိန်းနီ ဇန်နဝါရီ ၂၇

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို သိန်းနီမြို့ အောင်မင်္ဂလာမြို့တော်ခန်းမ၌ ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဒုတိယရဲမှူး ရဲနိုင်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယရဲမှူး ယဉ်မောင်ဆွေက မှုခင်းကျဆင်းရေးအတွက် ပညာပေးဆွေးနွေးဟောပြောပြီး ရဲအုပ်မင်းနိုင်(လားရှိုး)က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပန်းအလှပြင် သင်တန်းဆင်း

မြင်းခြံ ဇန်နဝါရီ ၂၇

မြင်းခြံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ပန်းအလှပြင် သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်လှဝေက အမှာစကားပြောကြားသည်။ ဆက်လက်၍ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်လှဝေ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်ရီနှင့် တာဝန်ရှိသူများက ပန်းအလှပြင်သင်တန်းတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပန်းအလှပြင်သင်တန်းတွင် အမှတ်(၁၂)ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်တင်တင်ဌေးက ပထမဆုကိုလည်းကောင်း၊ မြို့နယ်အကျဉ်းဦးစီးဌာနမှ ဒေါ်ခင်စန်းယုဝေက ဒုတိယဆုကိုလည်းကောင်း၊ အမှတ်(၁၈)ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ယဉ်ယဉ်အေးက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

အထွက်တိုးနှွေစပါး နမ့်ခမ်း၌စိုက်ပျိုး

မူဆယ် ဇန်နဝါရီ ၂၇

စိုက်ပျိုးထုတ်လုပ်မှုမြင့်မားစေရန်ရည်ရွယ်၍ မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်မှ တစ်ဧက စပါး တင်း ၂၀၀ အထက် ထွက်ရှိရေးစိုက်ပျိုးလျက်ရှိရာ ဇန်နဝါရီ ၁၉ရက်က တစ်ဆက်တစ်စပ်တည်း လယ်မြေ ၁၀ ဧကတွင် သိပ္ပံနည်းကျ (၁၄)ချက်နှင့်အညီ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော နှွေစပါးပျိုးခင်းများကို ဇန်နဝါရီ ၃ ရက်က မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်း၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးသန်းငွေ၊ ခရိုင်လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် နမ့်ခမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ၊ မြို့နယ်မြေစာရင်း ဦးစီးမှူးနှင့် မြို့နယ်လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ ပရိသတ်များ စိတ်ဝင်စားစွာကြည့်ရှုလေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ပြခန်း၌ ဇန်နဝါရီ ၂၇ ရက်မှ ၃၀ ရက်အထိ ပဉ္စမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ ခင်းကျင်းပြသလျက်ရှိရာ ပြပွဲတွင် အသိပညာပေးခန်းမများ၌ အများပြည်သူတို့ အထူးစိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်ကိုတွေ့ရှိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ယာဉ်မောင်းသူများ မောင်းနှင်သွားလာနိုင်ရေး ပညာပေးပြကွက်များ၊ ကြံ့ခိုင်သည့်ယာဉ်များနှင့်အတူ မော်တော်ယာဉ်များ၏ ကားခွေနှင့်တာယာများကို ပြထားသည်။ Sailun တာယာ ဆိုက်မျိုးစုံနှင့် Tubless တာယာများ၊ Express ကားများ၊ ကုန်တင်ကားများ၊ Light Truck တာယာမျိုးစုံနှင့် Radial Tyre မျိုးစုံတို့ကို ပြသထားသည်။ ထို့ပြင် CZM အမှတ်တံဆိပ် Bridge ARC Wheel နည်းပညာဖြင့် ထုတ်လုပ်ထားသော Tubles ခွေအမျိုးမျိုး၊ ဘီးနတ်၊ လေး၊ လေးပင်၊ လေးဘွတ်၊ လှိုက်၊ ယူဘိုးလ်၊ စံတာဘိုးလ်၊ ကားအင်ဂျင်တိုင်နှင့် ကောက်တန်းသီးစသည့် ကားပစ္စည်းများကို စမ်းငွေရောင်ပြခန်း၌ ခင်းကျင်းပြသထားရာ ပြပွဲလာ ပရိသတ်များက ဗဟုသုတရဖွယ် ကြည့်ရှုလေ့လာကြသည်ကို တွေ့ရသည်။

ထို့ပြင် အများစိတ်ဝင်စားသော ကားပြခန်းတွင် ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံများရှိ လေလံစင်တာများနှင့် အရောင်းကိုယ်စားလှယ်ကြီးများထံမှ ကားများကို ဝယ်ယူသူ စိတ်တိုင်းကျ ရောက်ရှိစေရန် ဝန်ဆောင်မှုပေးလျက်ရှိသည့် KSTM ပြခန်းတွင် 96 Model မှ Brand New ကားများထိ ခင်းကျင်းပြသထားရာ ပြပွဲလာပရိသတ်များ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

စံတော်သာဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် ၁၀ သိန်း လှူဒါန်း

ကောလင်း ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် စံတော်သာဘိုးဘွားရိပ်သာသို့ အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၈ ရက်က အဆိုပါရိပ်သာခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်မြို့ ကလေးကျန်းမာရေးဌာန ဆေးတက္ကသိုလ်(၂) ပါမောက္ခ ဒေါက်တာ စောဝင်း၊ ဒေါ်နန်းဖြူဖြူတို့က အလှူငွေကျပ် ၁၀ သိန်းကို ရိပ်သာအုပ်ချုပ်ရေးမှူး ဦးရဲမြင့်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရှိရသည်။ **(ဝ၉၂)**

လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြော

သဲကုန်း ဇန်နဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ဆင်မြီးဆွဲ အထကကျောင်းခန်းမ၌ ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီက လူမှောင်ခိုနှင့်လူကုန်ကူးမှုဆိုင်ရာ တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်မိုးက လူကုန်ကူးမှုနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အချက်များကို ဆွေးနွေးသည်။ ထို့နောက် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းက အသိပညာ ဗဟုသုတရရှိရေးအတွက် စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များရွေးချယ်

ရန်ကုန် ဇန်နဝါရီ ၂၇

(၃၂)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း နှစ်ပတ်လည်ညီလာခံကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပပြီး ညီလာခံကိုယ်စားလှယ်များကဆန္ဒမဲပေး၍ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း ဗဟိုအလုပ်အမှုဆောင်များအဖြစ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ပွင့်ဖူး၊ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာ ဦးအောင်သန်း၊ ဒုတိယဥက္ကဋ္ဌ(၂) ပါမောက္ခ ဒေါက်တာဆွေဆွေဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဦးဌေးမြင့်ဦး၊ တွဲဖက်အတွင်းရေးမှူး (၁) ဒေါက်တာ ဦးရွှေလှိုင်၊ တွဲဖက်အတွင်းရေးမှူး (၂) ဒေါက်တာ ဦးအောင်သိန်းထွန်းတို့ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ၂၅ ဦးကို ရွေးချယ်တင်မြှောက်ကြသည်။

အဆိုပါညီလာခံကို ဇန်နဝါရီ ၂၈ ရက်အထိ စာတမ်းဖတ်ပွဲများ၊ သက်ကြီးပူဇော်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ဆေးကုမ္ပဏီပြခန်းများဖြင့် ဆက်လက်ကျင်းပခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

တယ်လီဗွီးရှင်းဓာတ်မှန်ဝယ်ယူရန် မြောင်းမြဆေးရုံသို့ ငွေလှူဒါန်း

မြောင်းမြ ဇန်နဝါရီ ၂၇

မြောင်းမြမြို့ ပြည်သူ့ဆေးရုံတွင် တယ်လီဗွီးရှင်းဓာတ်မှန်စက်ဝယ်ယူရန် ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာဦးဖြိုးကိုကိုတင့်ဆန်းက အလှူငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက မြောင်းမြမြို့ သံဃာ့ဆေးရုံကုသဆောင်၌ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က အမှာစကားပြောကြားပြီး ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာဦးဖြိုးကိုကိုတင့်ဆန်းကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူးက အလှူငွေကျပ် သိန်း ၁၀၀ ပေးအပ်ရာ မြောင်းမြပြည်သူ့ဆေးရုံ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးအောင်ငွေစံက လက်ခံယူသည်။ **(ဝဲပုံ)**

မြောင်းမြပြည်သူ့ဆေးရုံကြီးတွင် တပ်ဆင်ထားရှိရန် လှူဒါန်းသောတယ်လီဗွီးရှင်းဓာတ်မှန်ကို အမြန်ဆုံးတပ်ဆင်ပြီး ကုသဆောင်ရွက်နိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာ

မင်္ဂလာပါ။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ပို့ချသွားပါမယ်။ Section (A) မှာ အားလုံးဖြေဆိုရမည်ဖြစ်ပြီး Section (B) (၆)ပုဒ်ထဲမှ (၄)ပုဒ်ကိုသာ ဖြေဆိုရမှာ ဖြစ်ပါတယ်။

အခန်း(၁) WORK DONE AND POWER အခန်းမှာ Power, Mechanical advantage, Velocity Ratio, Efficiency စတဲ့ Definition တွေရယ် သူတို့နဲ့ဆက်စပ်တဲ့ ပုံသေနည်းတွေ သိဖို့လိုပါတယ်။ ပြီးတော့ Machine, input work, output work, elasticity, elastic limit စတဲ့ concept တွေကို သိထားရပါမယ်။ နမူနာဖြေပြပါမယ်။

Q	The rate of doing work for the first worker is twice that of the second worker. But the working hours per day of the second is two and a half times that of the first. Who is a better worker?
Ans	မေးခွန်းက ပထမအလုပ်သမား၏ Power သည် ဒုတိယအလုပ်သမား၏ Power ၏ နှစ်ဆဖြစ်၍ ဒုတိယအလုပ်သမား တစ်နေ့အလုပ်လုပ်ချိန်သည် ပထမအလုပ်သမား၏ တစ်နေ့အလုပ်လုပ်ချိန်ထက် $2\frac{1}{2}$ဆ ဖြစ်ပါတယ်၊ မည်သူက ပိုကောင်းသော အလုပ်သမားဖြစ်ပါသလဲ မေးထားပါတယ်။ အဖြေက $P_1 = 2P_2,\ t_2 = 2\frac{1}{2}t_1$ $W = Pt$ $\frac{W_1}{W_2} = \frac{P_1t_1}{P_2t_2} = \frac{2P_2t_1}{P_2 \times \frac{5}{2}t_1} = \frac{4}{5}$ $W_2 > W_1$. So the second worker is a better worker.

အခန်း(၂) PRESSURE ဖြစ်ပါတယ်။ Pressure, Atmospheric pressure, pressure in a liquid, upward thrust, Archimedes' principle, barometer, Manometer, Hydrometer, Pascal's Law တို့နဲ့ပတ်သက်တာတွေ သိနားလည်ရပါမယ်။ နမူနာဖြေပြပါမယ်။

Q	Archimedes' principle is true only for liquids.
Ans	False
	Archimedes' principle သည် liquids နဲ့ gas အတွက်အသုံးပြုနိုင်ပါတယ်။ အဖြေက False ဖြစ်ပါတယ်။
Q	The total mass of gas which fills a meteorological balloon is 50 kg. The balloon string is tied to a post which is fixed to the earth. Find the tension in the string if the volume of the balloon is 110 m^3 and the density of air is 1.3 kg m^{-3}.
Ans	ဒီပုစ္ဆာမှာ balloon မှာထည့်ထားတဲ့ gas ရဲ့ weight နဲ့ ကြိုးရဲ့ tension ပေါင်းဟာ balloon ကို လေကပင့်အား (buoyant force) နဲ့ တူရပါမယ်။ total mass of gas = 50 kg, ρ_{air} = 1.3 kg m^{-3}, V = 110 m^3 tension + weight of gas = buoyant force T + mg = V ρ g T = V ρ g – mg = 110 _ 1.3 _10 – 50 _10 = 930 N

အခန်း(၃) TRANSFER OF HEAT ဖြစ်ပါတယ်။ ဒီအခန်းမှာ Heat Conduction, Heat Convection, Heat Transfer by Radiation, Black body, The total emissive power, Stephan-Boltzmann's Law, Brownian Motion စတာတွေရယ် သူတို့နဲ့ ပတ်သက်တဲ့ ပုစ္ဆာတွေပိုင်နိုင်ရပါမယ်။ နမူနာဖြေပြပါမယ်။

Q	Heat is transmitted from the sun to the earth.
Ans	True
	Heat သည် နေမှကမ္ဘာသို့ တိုက်ရိုက် transmitted လုပ်နိုင်၍ မှန်ပါသည်။
Q	In a warm room, an animal's body has a skin temperature of 33˚C. If the room temperature is 29˚C and the surface area of the body is 1.5 m^2, what is the rate of heat loss due to convection? (Assume q = 1.7 10^{-3} W m^{-2} K^{-1})
Ans	The rate of heat loss due to convection is H $T_2 - T_1$ = 33 - 29 = 4 ˚C = 4 K, A = 1.5 m^2, q = 1.7 10^{-3} W m^{-2} K^{-1}, H = ? H = $qA(T_2 - T_1)$ = 1.7 $10^{-3} \times 1.5 \times 4 = 10.2 \times 10^{-3}$ = 0.01 W

အခန်း(၄) VIBRATION OF STRINGS, RESONANCE AND VIBRATION OF AIR COLUMNS ဖြစ်ပါတယ်။ Stationary wave, Progressive wave, nodes, antinodes, Waves in a vibrating strings, Waves in an open organ pipe, Waves in a closed organ pipes, resonance, beat, noise exposure limits, Energy and momentum in waves အပိုင်းတွေကို သိထားရပါမယ်။ နမူနာဖြေပြပါမယ်။

Q	Sound waves produced in speaking are stationary waves.
Ans	False
	စကားပြောခြင်းကြောင့် ဖြစ်ပေါ်တဲ့ Sound waves ဟာ progressive waves သာ ဖြစ်ပါတယ်။ အဖြေက False ဖြစ်ပါတယ်။
Q	What is the beat frequency of two tones with the frequencies 256 Hz and 260 Hz?
Ans	frequency 256 Hz နှင့် 250 Hz တို့အတွက် beat frequency ကို မေးတာပါ။ အဖြေက
	$f_b = f_2 - f_1$ = 260 - 256 = 4 Hz (Four pulsating sounds will be heard.)

အခန်း(၅) မှာ INTRODUCTION TO LIGHT ဖြစ်ပါတယ်။ light, refraction of light, Laws of Refraction, Refractive index, Relation between angle of incidence and angle of emergence for a ray passing through a glass slab with parallel sides, Lateral Displacement , Refractive index related to real and apparent depths, critical angle, total internal reflection, Formation of image in the 90˚-45˚-45˚ prisms, i-D graph and angle of minimum deviation, Refractive index of the prism, The angle of deviation of thin prism , Applications of total internal reflection , Dispersion by a prism အပိုင်းတွေကို သိထားရပါမယ်။ နမူနာဖြေပြပါမယ်။

Q	Using Snell's law, define the refractive index in words and in symbols.
Ans	Snell's law ကိုသုံးပြီး refractive index ကို စာသားနဲ့ရော သင်္ကေတနဲ့ပါ ရေးခိုင်းတာပါ။ The ratio of the sine of the angle of incidence to the sine of the angle of refraction is always a constant. That constant is the refractive index of the medium through which the refracted ray passes. In symbols, $n = \frac{\sin i}{\sin r}$ where n = the refractive index of the medium through which the refracted ray passes, i = the angle of incidence, r = the angle of refraction စာနဲ့သာဖြေထားရင် စာအတွက် အမှတ်သာရပါမယ်။ symbols သာဖြေခဲ့ရင်လည်း symbols အတွက် ပေးမှတ်သာ ရပါမယ်။ symbols နဲ့ ဖြေတဲ့အခါ တစ်ခုချင်းကို ရှင်းပြဖို့လိုအပ်ပါတယ်။

Q	Find the critical angle of a liquid of refractive index 1.32. Find the refractive index of diamond of critical angle 24˚ 27" .
Ans	

အခန်း(၆) REFRACTION, DIFFRACTION AND INTERFERENCE OF LIGHT ပါ။ Refraction through lenses, concave and convex lenses, Principal focus and focal length, Formation of images by lenses, Lens formula, Magnification, Power of a lens, diffraction and interference တွေနဲ့ ပတ်သက်တဲ့ပုံ၊ ပုစ္ဆာတွေကို သိဖို့လိုပါတယ်။ နမူနာဖြေပြပါမယ်။

Q	What is the major difference between real and virtual images? Draw ray diagrams how real and virtual images can be formed by a convex lens.
Ans	The real image can be formed on a screen but a virtual image cannot be formed on a screen.  Figure. Real image formed by a convex lens  Figure. Virtual image formed by a convex lens

အခန်း(၇) OPTICAL INSTRUMENTS အပိုင်းပါ။ ဒီအခန်းမှာ camera, eye, defects of vision, simple microscope (magnifying glass), compound microscope, Astronomical telescope, Terrestrial telescope, slide projector စတာတွေနဲ့ပတ်သက်တဲ့ ပုံသေနည်းတွေ၊ ပုံတွေ၊ ပုစ္ဆာတွေ သိကျွမ်းဖို့လိုပါတယ်။ နမူနာဖြေပြပါမယ်။

Q	Which parts of a camera must be carefully adjusted to obtain a good photograph?
Ans	ဓာတ်ပုံကောင်းတစ်ခုရရှိရန် camera ၏ မည်သည့်အစိတ်အပိုင်းတို့ကို သတိပြုညှိရပါမလဲမေးတာပါ။ အဖြေက
	(1) Diaphragm (to adjust the size of aperture) (2) f- number (to choose the size of aperture) (3) The shutter speed (to control the time light energy entering) (4) Focusing ring (to focus to get a sharp image)

အခန်း(၈) မှာ THE ELECTRIC FIELD အပိုင်းပါ။ Coulomb's Law, electric field, electric field intensity, electric lines of force, lightning conductor, Non-uniform electric field and uniform electric field တို့နဲ့ပတ်သက်တာတွေ လေ့လာထားရပါမယ်။ electric field ရဲ့ direction တွေကိုလည်း ဖြေတတ်ဖို့ လိုပါတယ်။ နမူနာဖြေပြပါမယ်။

Q	A hydrogen atom is composed of a proton and an electron at a distance of 5.3×10^{-11} m from each other. The magnitude of the charge on each particle is 1.6×10^{-19}C. Compute the attractive force between them.
Ans	ဟိုက်ဒရိုဂျင်အက်တမ်တစ်ခုကို proton တစ်ခုနှင့် electron တစ်ခုတို့၏ကြား အကွာအဝေး 5.3×10^{-11}m ဖြင့် ဖွဲ့စည်းထားပါတယ်။ အမှုန်တစ်ခုစီ၏လျှပ်စစ်ပမာဏသည်1.6×10^{-19}C ဖြစ်ပါတယ်။ ၎င်းတို့ နှစ်ခုကြားဆွဲငင်အားကို တွက်ခိုင်းတာပါ။ အဖြေက
	

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

❁ စာမျက်နှာ ၁၅ မှ

အခန်း(၉) ELECTRIC POTENTIAL ဖြစ်ပါတယ်။ electric potential, electric potential difference, equipotential surface, electric potential of the earth နဲ့ potential between two parallel charged plates တို့ကို သိထားရပါမယ်။ နမူနာဖြေပြပါမယ်။

Q	(a) What is an equipotential surface? (b) How much work is done in carrying a charge $+1.6 \times 10^{-19}$C on an equipotential surface of 200 V?
Ans	မေးခွန်းပထမပိုင်းက equipotential surface ကို မေးတာပါ။ အဖြေက (a) Equipotential Surface In an electric field the points at the same potential are usually represented by a surface. Such a surface drawn through the points at the same potential is called an equipotential surface. မေးခွန်းဒုတိယပိုင်းက $+1.6 \times 10^{-19}$C ရှိတဲ့လျှပ်စစ်တစ်ခုကို 200 V ရှိသော equipotential surface သို့ သယ်ဆောင်လာရာတွင် အလုပ်မည်မျှလုပ်ခဲ့သလဲဆိုတာကိုမေးတာပါ။ အဖြေက (b) $q = +1.6 \times 10^{-19}$C In carrying the charge from one point to another on the equipotential surface, say A and B, the work done is zero because $V_B = V_A = 200$V, and $V_{AB} = 0$ $W = q V_{AB} = 1.6 \times 10^{-19} \times 0 = 0$ J In carrying the charge from infinity to a point on the equipotential surface, $W = q V = 1.6 \times 10^{-19} \times 200 = 320 \times 10^{-19}$ J

အခန်း(၁၀) CAPACITANCE အကြောင်း လေ့လာရမှာပါ။ Capacitor, Capacitance, dielectric constant, parallel plate capacitor, capacitors in parallel, in series, Energy stored by the capacitor စတာတွေကို သိနားလည်ထားရပါမယ်။ နမူနာဖြေပြပါမယ်။

Q	The capacitance of a parallel-plate capacitor is increased from 8 μF to 50 μF when a sheet of glass is inserted between its plates. What is the dielectric constant of the glass?
Ans	အပြိုင်ပြားနှစ်ခုကြား ဖန်ပြားတစ်ခုထည့်ထားသောလျှပ်သိုတစ်ခု၏ လျှပ်သိုသတ္တိသည် 8 μF မှ 50 μF သို့ တိုးလာသည်။ ဖန်ပြား၏ dielectric constant ကိုမေးတာပါ။ အဖြေက
	$C_0 = 8\ \mu F = 8 \times 10^{-6}$ F, $C = 50\ \mu F = 50 \times 10^{-6}$ F, κ = ? $\kappa = \frac{C}{C_0} = \frac{50 \times 10^{-6}}{8 \times 10^{-6}} = 6.25$

အခန်း(၁၁) CURRENT AND ELECTRIC CIRCUITS ဖြစ်ပြီး current, direction of current, Ohm's law နဲ့ resistance ရှာပုံတွေ၊ resistivity, resistance ရဲ့ အပူချိန်နဲ့လိုက်ပြီး ပြောင်းလဲပုံ၊ resistor တွေကို series, parallel ဆက်တာတွေနဲ့ သူတို့ရဲ့အကျိုးဆက်တွေကို သိကျွမ်းရပါမယ်၊ Electromotive force အကြောင်းတွေ၊ battery တွေကို series, parallel ဆက်တာတွေကို လေ့လာရပါမယ်။ circuit တွေနဲ့ circuit equation ကိုလည်း သိထားရပါမယ်။ ပြီးတော့ current ရဲ့ effect တွေဖြစ်တဲ့ heating effect, chemical effect, magnetic effect တွေရဲ့သဘောကို ပုံနဲ့တကွ နားလည်ထားရပါမယ်။ Ammeter, Voltmeter တွေကို တပ်ဆင်ပုံလည်း နားလည်ရပါမယ်။ နမူနာဖြေပြပါမယ်။

Q	A bulb draws a current of 15 A when connected to a 120 V power source. Find its resistance.
Ans	120 V power source ဖြင့်ဆက်သွယ်ထားသော မီးလုံးတစ်ခုသည် လျှပ်စီးကြောင်း 15 A ရှိသည်။ ၎င်း၏ခုခံမှုကို မေးတာပါ။ အဖြေက
	$V = 120$ V, $I = 15$ A, R =? $V = IR$ and $R = \frac{V}{I} = \frac{120}{15} = 8\Omega$

အခန်း(၁၂) ELECTRICAL ENERGY AND POWER ဖြစ်ပါတယ်။ Electrical energy, Electrical power, Joule's Law နဲ့ ဆိုင်တာတွေကို လေ့လာထားရပါမယ်။ Electrical energy ရဲ့ လက်တွေ့သုံး unit ကိုလည်း သိထားရမှာဖြစ်ပြီး heating effect of current ကိုသုံးပြီး ပြုလုပ်ထားတဲ့ အိမ်သုံးပစ္စည်းများကိုလည်း သိရပါမယ်။ Electricity ရဲ့ အန္တရာယ်များကိုလည်း သိဖို့လိုအပ်ပါတယ်။ နမူနာဖြေပြပါမယ်။

Q	If a 1200 W electric iron is used for 50 min, by how many units does the meter reading increase? Calculate the payment at 50 kyats per unit.
Ans	1200 W ရှိသော လျှပ်စစ်မီးပူတစ်ခုသည် အသုံးပြုချိန် 50 min ဖြစ်ခဲ့လျှင် မီတာမှဖတ်သော ယူနစ်အရေအတွက် မည်မျှတိုးလာသလဲနှင့် တစ်ယူနစ်ကို 50 kyats ပေးရလျှင် ပေးရမည့်ငွေကို တွက်ထုတ်ပါဟု မေးတာပါ။ အဖြေက
	$P = 1200$W , $t = 50$min $= \frac{50}{60}$h, W=? $W = VIt = Pt = \frac{1200 \times 50}{60}$ Wh $= 1000$Wh $= 1$kWh cost $= 50 \times 1 = 50$ kyats

အခန်း(၁၃) ELECTROMAGNETISM အပိုင်းပါ။ ဒီအပိုင်းမှာ Magnet, electromagnet, Magnetic lines of force, left hand rule, right hand rule, solenoid, magnetic field of solenoid, moving coil galvanometer, moving coil ammeter, moving coil voltmeter, transformer, electromagnetic induction, induction coil, d.c, a.c, principles of house wiring စတာတွေကို လေ့လာထားရပါမယ်။ နမူနာဖြေပြပါမယ်။

Q	A 12 V, 48 W lamp is connected to a transformer which is connected to 120 V mains line. Find the current draw by the transformer from the mains line.
Ans	120 V mains line နှင့် 12 V, 48 W ရှိ lamp တစ်ခုနှင့် ဆက်သွယ်ထားပါသည်။ mains line မှ transformer ဖြင့်ဆွဲယူသော လျှပ်စီးကြောင်းကို ရှာခိုင်းတာပါ။ အဖြေက $V_S = 12$ V, $P_S = 48$ W, $V_P = 120$ V, I_P =? $P = VI$, and $P_s = V_s I_s$ $48 = 12 \times I_S$ $I_S = 4$ A $\frac{I_P}{I_S} = \frac{V_S}{V_P}$ $\frac{I_P}{4} = \frac{12}{120}$ $I_P = 0.4$A

အခန်း(၁၄) MODERN PHYSICS ပါ။ Thermionic emission, Vacuum diode တွေ triode တွေက အစပြုလို့ Semiconductor, junction diode, rectifier, transistor, IC, Logic gates နဲ့ Combination of gates တွေအကြောင်း လေ့လာရပါမယ်။ Radioactivity, Radiations တွေနဲ့ စပ်ဆိုင်တာတွေ Models of atom, uses of radioactivity, radio isotope, reactor, Nuclear reaction တွေအကြောင်း လေ့လာရပါမယ်။ Electronic devices တွေဖြစ်တဲ့ CRO, CRT, TV, Radio, Computer တွေအကြောင်းကို လေ့လာထားဖို့ အရေးကြီးပါတယ်။ Cathode rays နဲ့ သူ့ရဲ့ဂုဏ်သတ္တိ၊ X-rays, Production of X-rays နဲ့ X-rays ရဲ့ဂုဏ်သတ္တိ၊ X-rays အသုံးဝင်ပုံတွေကိုလည်း ကျေညက်ဖို့လိုပါတယ်။ နမူနာဖြေပြပါမယ်။

Q	(i)Explain how an n-type semiconductor and a p-type semiconductor can be obtained. (ii) What are the majority carriers in the above semiconductors?
Ans	ပထမမေးခွန်းက n-type semiconductor တစ်ခုနှင့် p-type semiconductor တစ်ခုတို့ မည်ကဲ့သို့ ရရှိသည်ကို ရှင်းပြခိုင်းတာပါ။ အဖြေက (i) When arsenic atoms are added to the germanium atoms, an n-type semiconductor is obtained. When indium atoms are added to the germanium atoms, a p-type semiconductor is obtained. ဒုတိယမေးခွန်းက အထက်ပါ semiconductor များတွင် အဓိကလျှပ်စစ်သယ်ဆောင်သော carriers များကို မေးတာပါ။ အဖြေက (ii) The majority carriers in p-type are positive holes and in n-type are free electrons.
Q	(i) What are Cathode rays rays? (ii) State the properties of Cathode rays.
Ans	ပထမမေးခွန်းက Cathode rays rays ဆိုတာ ဘာလဲမေးတာပါ။ အဖြေက (i) Cathode rays: Streams of electrons moving at high speed are called cathode rays. ဒုတိယမေးခွန်းရဲ့အဖြေက (1)Cathode rays travel in straight lines. (2)Cathode rays have momentum and kinetic energy. (3)Cathode rays consist of negatively charged particles. (4)Cathode rays can be deflected by electric field as well as magnetic field.

သတိပြုရမှာကတော့ ပုစ္ဆာကိုတွက်ရာမှာ ပုစ္ဆာကိုဖတ်ပြီးလျှင် ပေးထားချက်တွေကို ပထမချရေးပါမယ်။ SI system အတွက် unit ပြောင်းပေးဖို့လိုလျှင် ပြောင်းပေးရပါမယ်။ သက်ဆိုင်တဲ့ Formula ကို ရေးပါမယ်။ ပေးထားတဲ့ numerical value တန်ဖိုးများထည့်ပြီးတွက်ရင် အဖြေရရှိလာမယ်။ အဖြေမှာ ကိန်းဂဏန်းတန်ဖိုးနဲ့ unit ကို မှန်အောင်ရေးရပါမယ်။ unit မှားရင် unit အတွက် အမှတ်မရရှိတော့ပါဘူး။ Formula၊ ဂဏန်းတန်ဖိုး အစားထိုးခြင်း၊ အဖြေမှန်ရရှိခြင်းတို့ကို အဆင့်လိုက်၊ တစ်ဆင့်ပြီးတစ်ဆင့် အမှတ်ပေးတာဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်၏ သင်ခန်းစာအခန်းတိုင်းတွင် Examples တွေနှင့် အဆုံးတွင် မေးခွန်းပုံစံများကို လေ့ကျင့်ရန်ပေးထားပါတယ်။ သေသေချာချာ လေ့ကျင့်ထားစေချင်ပါတယ်။

အချုပ်မှာကြားလိုတာကတော့ ပြဋ္ဌာန်းစာအုပ်အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဖော်ပြချက်၊ formula များ၊ unit ပြောင်းခြင်း၊ ပုံရေးဆွဲခြင်း၊ label တပ်ခြင်းများကို စနစ်တကျလေ့လာထားလျှင် စာမေးပွဲအတွက် အမှတ်ပြည့် ရရှိနိုင်ပါတယ်။ ရည်မှန်းချက်များ အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၆၊ မြေကွက်အမှတ်၄၅၄၊မြေကွက်တည်နေရာအမှတ် ၄၅၄၊ မိုးမခလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ဒေါ်ရီရီအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ရီရီ ISN-၄၁၉၂၈၉ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၄၈/၀၅ ဖြင့် ရရှိသူ ဦးထွန်းအေး ၂၅-၃-၀၅ ၁၂/သဃက(နိုင်)၁၃၄၂၉၃က ပါဝါပေးသူ သက်ရှိထင်ရှားကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်း မရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အလက(၆) ရန်ကင်း(ကျိုက္ကဆံရဲရိပ်သာ)

အာစရိယပူဇော်ပွဲ

အလက(၆) ရန်ကင်း၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၄ရက် မွန်းလွဲ ၁နာရီမှ ညနေ၄နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ၁၉၈၁ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ဆရာ ဆရာမကြီးများနှင့် ကျောင်းသူကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက-

ဂီတမျုိး ဦးဝင်းကို	ဖုန်း-၀၉-၅၁၅၂၃၅၅
မအေးအေးနိုင်	ဖုန်း-၀၉-၄၉၃၀၄၇၃၉
ကိုဇော်မျိုးသန့်	ဖုန်း-၀၉-၈၅၁၅၈၃၈
ကိုရွှေဝင်း	ဖုန်း-၀၉-၈၆၂၂၀၃၇
မဇာခြည်လင်း	ဖုန်း-၀၉-၇၃၁၁၀၇၀၉
ကိုတေဇာလင်းထက်	ဖုန်း-၀၉-၅၀၄၄၃၈၁
မနှင်းလွင်ငြိမ်း	ဖုန်း-၀၉-၄၉၂၃၆၇၀၃
မခင်သီတာချစ်	ဖုန်း-၀၉-၇၃၁၃၅၈၆၃
ကိုရန်နိုင်ဇော်ဝင်း	ဖုန်း-၀၉-၇၃၂၃၇၇၄၅

ဦးကျော်နိုင်ဝင်း ၁၃/တယန(ဧည့်)၀၀၀၂၁၇နှင့် အများသိစေရန်

ဖော်ပြပါဦးကျော်နိုင်ဝင်း၄င်း၏မိခင်ဖြစ်သူဒေါ်လင်ဖုန်(ခ)ဒေါ်ကြည်ကြည်မြစိန်နှင့် ကျွန်ုပ်၏မိတ်ဆွေဒေါ်ဝါဝါမိုးတို့သည် Winner World Garment Manufacturing Co.,Ltd. ကို ပူးတွဲတည်ထောင်ခဲ့သော်လည်း ဦးကျော်နိုင်ဝင်းနှင့် ဒေါ်လင်ဖုန်(ခ) ဒေါ်ကြည်ကြည်မြစိန်တို့သည် အမည်ခံဒါရိုက်တာအဖြစ်သာပါဝင်ခဲ့ပြီး ဒေါ်ဝါဝါမိုး တစ်ဦးတည်းကသာ အခြားသူများနှင့်ပူးပေါင်း၍ အထည်ချုပ်လုပ်ငန်းကို လုပ်ကိုင်နေခြင်းဖြစ်ကြောင်း ဦးကျော်နိုင်ဝင်းသည် ၁၁-၁-၂၀၁၀ ရက်မှစ၍ ယင်းကုမ္ပဏီလုပ်ငန်းများကို ပါဝင်လုပ်ကိုင်ခြင်းမရှိသည့်အပြင် ကုမ္ပဏီ စက်ရုံတည်ရှိရာသို့လည်း လာရောက်ခြင်းမရှိတော့ကြောင်း၊ ထို့နောက် ၁၃-၁၂-၂၀၁၁ ရက်တွင် ဦးကျော်နိုင်ဝင်းသည် ဦးအောင်မြင့်(ခ)Mr.Andrew Yin နှင့် ဒေါ်ဝါဝါမိုးတို့ ပူးတွဲလုပ်ကိုင်သည့် ရွှေရည်စပါယ်အထည်ချုပ်စက်ရုံရုံးခန်းမှ ဒေါ်ဝါဝါမိုးသိမ်းဆည်းထားသည့်

(၁) Winner World Garment Manufacturing Co.,Ltd. စက်ရုံတည်ရှိရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၁)၊ မြစ်ကြီးနားလမ်း၊ အမှတ် ၅၊ ၆၊ ၇၊ ၈ ၏ မြေငှားဂရန်လေးစောင်။
(၂) အဆိုပါမြေကွက်လေးကွက်နှင့် စက်ရုံအဆောက်အအုံကို ဒေါ်လင်ဖုန်(ခ) ဒေါ်ကြည်ကြည်မြစိန်အား အမည်ခံထား၍ ဝယ်ယူခဲ့သည့်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်။
(၃) Winner World Garment Manufacturing Co.,Ltd. ၏ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်။



(၄) ထုတ်ကုန်/သွင်းကုန် ထ-သ-က မှတ်ပုံတင်။
(၅) ကုမ္ပဏီခွင့်ပြုမိန့်။
(၆) အထည်ချုပ်လုပ်ငန်းရှင်များအသင်းဝင်ကတ်။
(၇) စက်မှုလက်မှုလုပ်ငန်းရှင်ကတ်။
(၈) ဒါရိုက်တာအဖွဲ့ဝင်စာရင်းForm 6၊ ဒါရိုက်တာအပြောင်းအလဲပုံစံ Form 26။
(၉) ယာဉ်အမှတ်-၈C/၆၆၄၀လိုက်ထရပ်ကားနှင့်ပတ်သက်သည့်စာရွက်စာတမ်းများ။

စာရွက်စာတမ်းမူရင်းများကို တိတ်တဆိတ်ယူဆောင်သွားကြောင်း ညွှန်ကြားသိရှိရပါသည်။ သို့ဖြစ်၍ ဦးကျော်နိုင်ဝင်းယူဆောင်ရယူသွားသည့် ဖော်ပြပါစာရွက်စာတမ်းများကို ဖောက်ဖျက်ခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲလွှဲပြောင်းခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ယင်းစာရွက်စာတမ်းများကို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဒေါ်ဝါဝါမိုးထံ မူလအခြေအနေအတိုင်း လာရောက်ပေးအပ်ပါရန် ပျက်ကွက်ပါက ယင်းကိစ္စ၌ ပါဝင်ပတ်သက်သူအားလုံးကို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ဦးအောင်မြင့်(ခ)Mr.Andrew Yin နှင့်ဒေါ်ဝါဝါမိုးတို့၏ညွှန်ကြားချက်ဖြင့်-
ဦးခင်မောင်ဦး LL.B, D.B.L အထက်တန်းရှေ့နေ(စဉ်-၂၃၇၄၁)
အမှတ် ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

ယာဉ်မောင်းများ၊ မ-ထ-သ အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များက အမြတ်အစွန်းရရှိရေး တန်ပိုတင်ဆောင်ခဲ့

မော်တော်ယာဉ်ပိုင်ရှင်များ၏ တန်ပိုတင်ဆောင်မှုကြောင့် လမ်း၊ တံတားများ သတ်မှတ်ချိန်မတိုင်မီ ပျက်စီးခဲ့ရ

နေပြည်တော် ဇန်နဝါရီ ၂၇

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂၀၉)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၇)ဦးတို့က လမ်း၊ တံတားဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ဆောက်လုပ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ဖြေကြားသည်။

ရှေ့ဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်က **"ကချင်ပြည်နယ်၊ မိုးညှင်း-နန့်မွန်း-ညောင်ပင်-ဝေ့ခါ ကားလမ်းအား ရာသီမရွေး ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ပေးနိုင်မည့်လမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ရေးကိစ္စ"** နှင့်စပ်လျဉ်း၍ မေးမြန်းရာ ကချင်ပြည်နယ် မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်ကို ဆက်သွယ်သွားလာနိုင်သည့် မိုးညှင်း-နန့်မွန်း-ညောင်ပင်-ဝေ့ခါလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့က အပိုင်းလိုက် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုးညှင်းမှ ဇီးကုန်းရွာအထိအပိုင်းနှင့် တောင်ခြေမှ နန့်မွန်း - ညောင်ပင်လမ်းပိုင်းတို့ကို မိမိဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျန်အပိုင်း(၂)ပိုင်းကို နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပါကြောင်း၊ မိုးညှင်းမှ ဇီးကုန်းအထိ ကတ္တရာလမ်း ၁၂ မိုင်၊ တောင်ခြေမှ နန့်မွန်း - ညောင်ပင်အထိ ကျောက်လမ်း ၃၂ မိုင် အပါအဝင် စုစုပေါင်း ၇၄ မိုင် ၆ ဖာလုံ ရှိပါကြောင်း၊ မိုးညှင်း-ဇီးကုန်းအပိုင်းမှာ မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းပိုင်းတွင် ပါဝင်ပြီး တောက်ပကျက်သရေဇာတိမြေကုမ္ပဏီကလည်းကောင်း၊ တောင်ခြေမှ နန့်မွန်း-ညောင်ပင်အပိုင်းကို ကျောက်စိမ်းမြေဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ကလည်းကောင်း ဘီအိုတီစနစ်ဖြင့် လမ်း-တံတား အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရန်ခွင့်ပြုထားပါကြောင်း၊ အဆိုပါ ကုမ္ပဏီများအား စံချိန်စံညွှန်းနှင့်အညီ

စာမျက်နှာ ၇ ကော်လံ ၁ ❍

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ပြည်တွင်းလူမှုစီးပွားသတင်း | **သွန်းဝေသန် – ရေးသားသည်**

ကမ္ဘာ့ရွှေဈေး တစ်လကျော်အတွင်း စံချိန်ချိုးကာ ဈေးမြင့်ခဲ့

စင်ကာပူ ဇန်နဝါရီ ၂၇

အာရှတွင်သာမက အနောက်နိုင်ငံများကပါ စုဆောင်းလာကြသည့်ရွှေ။

ရွှေဈေးကွက်အတွင်း မထင်မှတ်မှုများစွာဖြင့် ယနေ့ရွှေဈေးသည် လွန်ခဲ့သည့် တစ်လကျော်က ဈေးနှုန်းများထက် မြင့်တက်လာခဲ့သည်။ ယနေ့တွင် ကမ္ဘာ့ရွှေ အခေါက်ဈေးသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၃၁ ဒသမ ၇၀ ရှိခဲ့သည်။ ယခုအတိုင်း ဆက်လက်ဈေးတက်နေပါက တစ်အောင်စလျှင် ကန်ဒေါ်လာ ၁၈၀၀ ကျော်အထိ ဆက်လက်မြင့်တက်နိုင်ဖွယ်ရာရှိနေသည်ဟု စင်ကာပူမှ ဈေးကွက်စောင့်ကြည့်သူ စီးပွားရေးသမားများက ခန့်မှန်းသည့်အကြောင်းကို ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၂၇ ရက်နေ့တွင် သတင်းဖော်ပြခဲ့သည်။

"ရွှေဈေးကွက်မှာ လွန်ခဲ့တဲ့ ဒီဇင်ဘာလလယ်လောက်က တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၇၃၀ ဒသမ ၁၉ ဈေးရှိခဲ့ကြောင်း၊ ဇန်နဝါရီလဆန်းပိုင်းလောက်တွင် တစ်အောင်စဈေးနှုန်းများမှာ ကန်ဒေါ်လာ ၁၇၃၁ ဒသမ ၅၉ အထိ ဆက်လက်မြင့်တက်လာခဲ့ပြီး ထပ်မံ၍လည်း တက်နိုင်သည့် အနေအထားတွင်ရှိကြောင်း" အဆိုပါသတင်းက ဖော်ပြထားသည်။

"ရွှေက ထပ်ပြီးတက်နိုင်ပါသေးတယ်။ အစိုးရတွေရဲ့ စီးပွားရေးပေါ်လစီကြောင့် ရွှေဈေးကွက်က ထပ်ပြီးတက်နိုင်ပါတယ်။ ဟောင်ကောင်က စီးပွားရေးသမား အများစုက အာရှသားပီပီ ရွှေမက်ကြတယ်"ဟု ရွှေဈေးကွက်အပေါ် ဟောင်ကောင်ရှိ သန်းကြွယ်သူဌေးတစ်ဦး၏ အမြင်ကို ရိုက်တာသတင်းဌာနတွင် ဖော်ပြထားသည်။

အဆိုပါသတင်း၌ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ယခင်နှစ်ကထက် ယခုနှစ်တွင် ရွှေဝယ်ယူမှု ပိုမိုများပြားလာနိုင်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် ရွှေထည်ပစ္စည်းများ ဝတ်ဆင်မှုကို ကြိုက်နှစ်သက်လာကြကြောင်း၊ သုတေသနပြုထားချက်များအရ ယခုအခါတွင် ကမ္ဘာ၌ ရွှေကို ဝယ်ယူစုဆောင်းမှုမှာ အာရှတွင်သာမကဘဲ ဥရောပနှင့် အမေရိကန်နိုင်ငံများ၌ပါ လုပ်ဆောင်လာကြပြီဖြစ်ကြောင်း ရေးသားထားသည်။

(အင်တာနက်)

မြန်မာ့အလင်း အာကာသသိပ္ပံ | **မိုးမြင့်လင်းလက် – ရေးသားသည်**

ပလူတိုဂြိုဟ်အနီး လအသစ်တစ်စင်း ထပ်မံတွေ့ရှိ

ဝါရှင်တန် ဇန်နဝါရီ ၂၇

ပလူတိုဂြိုဟ်အနီးတွင် လတစ်စင်း ထပ်မံတွေ့ရှိရကြောင်း၊ ယခုတွေ့ရှိရသော လအရွယ်အစားမှာ သေးငယ်သည့် အနေအထားရှိကြောင်း၊ နာဆာ အာကာသသုတေသနပညာရှင်များက ဟူဘယ် အာကာသအဝေးကြည့်မှန်ပြောင်းဖြင့် လေ့လာရာမှ ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း ဇန်နဝါရီ ၂၇ ရက်က သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

ပလူတိုဂြိုဟ်အနီး ယခုကဲ့သို့ လတစ်စင်း ထပ်မံတွေ့ရှိရသဖြင့် ၎င်းဂြိုဟ်အနီးတွင် စုစုပေါင်း လလေးစင်းရှိပြီဖြစ်ရာ ယခုလ၏အမည်ကို P_4 ဟု အမည်ပေးထားသည်။ ပလူတိုဂြိုဟ်အနီး ယခင်တွေ့ရှိခဲ့သော လသုံးစင်းထက် ယခုတွေ့ရှိရသော လမှာ အရွယ်အစားသေးငယ်သည်။

ယခုတွေ့ရှိသည့် လ၏အချင်းမှာ ၈ မိုင်နှင့် ၂၁ မိုင်အကြားတွင်ရှိသည်။ ပလူတိုဂြိုဟ်အနီးတွင် အရွယ်အစားအကြီးဆုံးလမှာ ချာရွန်ဟု အမည်ပေးထားသော လဖြစ်ပြီး အချင်းမှာ ၆၄၈ မိုင်ရှိသည်။ အခြားလနှစ်စင်းမှာ နစ်နှင့် ဟိုင်ဒရာဟု အမည်ပေး

ထားသော လများဖြစ်သည်။ နာဆာသည် ၂၀၁၅ ခုနှစ်၌ ပလူတိုဂြိုဟ် လေ့လာရေးယာဉ်ကို စေလွှတ်ရန် စီစဉ်ထားသည်။ **(အင်တာနက်)**

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာသင်ခန်းစာကို ဖော်ပြထားပါသည်။

နိုင်ငံတကာအားကစား | **မြင့်မောင်စိုး – ရေးသားသည်**

ဩစတြေးလျအိုးပင်းဖလား ရုရှားတင်းနစ်မယ် ရှာရာပိုဗာချန်ပြီ

မဲလ်ဘုန်း ဇန်နဝါရီ ၂၇

ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာနဲ့ ဘီလာရုစ် တင်းနစ်မယ် အဇာရင်ကာတို့ဟာ မဲလ်ဘုန်းမြို့မှာကျင်းပနေတဲ့ ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲမှာ ပြိုင်ဘက်အသီးသီးကို အနိုင်ရပြီး ဗိုလ်လုပွဲတက်ရောက်လာကြပါတယ်။ *စာမျက်နှာ ၄ ကော်လံ ၃* ●